စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၉/၂၀၂၃

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- ကြက်သွန်နီ တစ်ပတ်အတွင်း တစ်ပိဿာကို ကျပ် ၇၀၀ နီးပါးဈေးမြင့်တက်
- ပဲနှမ်းဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေ
- ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနေရ

**နိုင်ငံတကာဈေးကွက်**

- အာရှ၊ အာဖရိက အိမ်ထောင်စုတွေကို ဘတ်ဂျက်ထိစေမယ့် မိုးထိုးလာတဲ့ ဆန်ဈေး
- အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သည့် ဆန်ဖြူကို ဘူတန်၊ စင်ကာပူနှင့် မောရစ်သျှနိုင်ငံများသို့ တင်ပို့ခွင့်ပြု လိုက်ခြင်း
- အိန္ဒိယနိုင်ငံ ကြက်သွန်စိုက်တောင်သူများဆန္ဒပြ
- ဖိလစ်ပိုင်နိုင်ငံ ဆန်တန်ချိန် ၁၁ သိန်း တင်သွင်း
- အိန္ဒိယနိုင်ငံ Darjeeling လက်ဖက်ခြောက်လုပ်ငန်း အကျပ်အတည်းကျရောက်လျက်ရှိ၊ ပြည်တွင်းနှင့် တရုတ်နိုင်ငံ ဈေးကွက်များတွင် ပြန်လည်ရှင်သန်ရန် အဓိကသော့ချက်ဖြစ်ဟုဆို
- အမေရိကန်သို့ ပို့ကုန်တင်ပို့မှုဆိုင်ရာ သတင်းများရရှိပြီးနောက် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအုန်းသီး ဈေးနှုန်း သုံးဆတိုးမြင့်လာ
- တရုတ်ပြည်မကြီးသည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ရပ်ဆိုင်း
- အိန္ဒိယနိုင်ငံသည်ပြည်တွင်းဂျုံဈေးနှုန်းကိုထိန်းထားရေးအတွက်ရုရှားဂျုံများဝယ်ယူတင်သွင်းရန်ဆွေးနွေး
- တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများတင်ပို့ရန် သဘောတူစာချုပ်လက်မှတ်ရေးထိုး
- ပြောင်းလဲလာသောရာသီဥတုအရ တောင်ကိုရီးယားနိုင်ငံတွင် ပန်းသီးပင်များအစား သရက်ပင်များ ပြောင်းလဲစိုက်ပျိုး
- တရုတ်နိုင်ငံသို့တရုတ်–လာအိုရထားလမ်းဖြင့်ကုန်သွယ်မှုအားကောင်းလာခြင်းကြောင့် ထိုင်းဒူးရင်းသီးများ တင်ပို့မှုမြင့်တက်လာ
- အိန္ဒိယအစိုးရသည် ဈေးနှုန်းထိန်းချုပ်နိုင်ရန်အတွက် ကြက်သွန်နီတင်ပို့မှုများအပေါ်အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံ
- အမေရိကန် – တရုတ် ကုန်သွယ်ရေးတင်းမာမှုများလျှော့ချရန် သဘောတူညီမှုရရှိ
- အိန္ဒိယနိုင်ငံသည် အနိမ့်ဆုံးဈေးဖြင့် ကမ်းလှမ်းသည့်နိုင်ငံအားလုံးမှ ရေနံများကိုဝယ်ယူမည်
- ကနေဒါသည် အိန္ဒိယနှင့် ကုန်သွယ်ရေး သဘောတူညီချက်ပြုလုပ်ရန်ကိစ္စကို ခေတ္တ ရပ်နားထား မည်၊ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်ဖြစ်ဟုဆို

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- SNR ရော်ဘာများ ထုတ်လုပ်ရောင်းချမှုအတွက် အခြေခံလိုအပ်ချက်များ သတ်မှတ်အသုံးချနိုင်ရေး ညှိနှိုင်းဆွေးနွေး
- ကျောက်ဖြူ၌ ဓနိကုန်ကြမ်းကို ခေတ်မီနည်းပညာများဖြင့် ပြုလုပ်၍ ကုန်ပစ္စည်း ၁၀ မျိုးကျော် ထုတ်လုပ်ရောင်းချ

**ပြည်ပကုန်သွယ်မှုသတင်း**

- တစ်လအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာ တန်ချိန် ၁၀၇၈၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက် တန်ချိန် ၃၀၀၀ ကျော် တင်ပို့မှုလျော့ကျ
- တရုတ်ဝယ်လိုအားများခြင်းကြောင့် တစ်လအတွင်း နှမ်းတစ်တင်းဈေး ကျပ် လေးသောင်းတက်
- တယ်ဟုန်-မြန်မာပူးပေါင်းဆောင်ရွက်မှုမှကော်ဖီလုပ်ငန်းများ တိုးတက်နိုင်မည်
- မြန်မာနိုင်ငံမှ ထွက်ရှိသည့်ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှ ဝယ်ယူရန် Hybrid စနစ်ဖြင့်တွေ့ဆုံဆွေးနွေး
- ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းနိုင်ငံ၊ Tak ခရိုင်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့တွေ့ဆုံ

**အထူးဆောင်းပါး**

- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှစ်ပတ်လည်အစီရင်ခံစာ- ၂၀၂၃ (WTO ANNUAL REPORT 2023) အား ထုတ်ပြန်ခဲ့ခြင်း
- မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများတင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ကြက်သွန်နီ တစ်ပတ်အတွင်း တစ်ပိဿာကို ကျပ် ၇၀၀ နီးပါးဈေးမြင့်တက်

မြန်မာ့ကြက်သွန်နီကို တရုတ်နိုင်ငံဘက်ကနေ အဝယ်လိုက်လာသည့်အတွက် တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၇၀၀ နီးပါးထိဈေးတန်းပြန်လည်မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရသည်။ လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်နှင့် ပခုက္ကူကုန်စည်ဒိုင်ဈေးကွက်တွင် ကြက်သွန်နီ တစ်ပိဿာကို ၃၁၀၀ ကျပ်ထိ ပြန်လည်မြင့်တက်လာကာပြင်ပလက်လီဈေးကွက်တွင် ကြက်သွန်နီဈေးသည် တစ်ပိဿာကို ၃၅၀၀ ကျပ် မှ ၃၈၀၀ ကျပ် အထိမြင့်တက် ရောင်းချမှုရှိလာကြောင်းသိရသည်။

"တရုတ်က အဝယ်လိုက်လို့ ဈေးတက်တာပါ။ ခုရက် ကြက်သွန်အဝင်လည်းနည်းပါတယ်။ ၁၆ စီးပဲရှိတယ်။ နယ်မှာလည်း ၂၇၀၀ ကျပ် ၂၈၀၀ ကျပ်ရနေတော့ ရန်ကုန်ကိုမတင်ကြဘူးပေါ့၊ ဒါကြောင့် ရန်ကုန်ကို ခုရက်ပိုင်းကြက်သွန်အဝင်နည်းသွားပါတယ်။ တရုတ်နိုင်ငံက တစ်နှစ်ပတ်လုံးဝယ်တာလည်းရှိတယ်၊ အခုလိုရှားတဲ့အချိန်မှဝယ်တာမျိုးလည်းရှိတယ်"ဟု မြန်မာနိုင်ငံကြက်သွန် အသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။

ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီ ကားအစီးရေ ၁၆ စီး ကုန်ချိန် ၉၆၀၀၀ ဝင်ရောက်မှုရှိကြောင်း၊ ပြီးခဲ့သည့်ရက်များ၌လည်း ၁၅ စီးမှ ၁၆ စီးသာဝင်ရောက်မှုရှိရာ ဆိပ်ဖြူနှင့် မုံရွာကြက်သွန်နီ ၂ မျိုး အဓိကဖြစ်သည်။ ပခုက္ကူကြက်သွန်နီဈေးကွက်ကိုမူ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကြက်သွန်နီ ကုန်တန်ချိန် ၁၂၅၀၀ ဝင်ရောက်မှုရှိပြီး ပစ္စည်းကောင်းရှားကြောင်းသိရသည်။ လက်ရှိကြက်သွန်နီဈေးပြန်လည်မြင့်တက်လာသည့်အတွက် ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်အေးနေသလို လက်လီဈေးကွက်တွင်လည်း အရောင်းအဝယ်အေးကြောင်းသိရသည်။

"ဈေးပြန်တက်လာတော့အရောင်းအဝယ်ပါးသွားတယ်။ လျှော့သုံးလာကြတဲ့သဘောပေါ့။ ဈေးဝယ်သူတော့မပြောနဲ့ အစ်မကိုယ်တိုင်ရောင်းပေမဲ့ ကြက်သွန်နီလျှော့သုံးတယ်။ အခုဆို ၃၅၀၀ ရောင်းတယ်။ အလုံးကအရမ်းအချောကြီး မဟုတ်ဘူး။ အသင့်အတင့်ပေါ့"ဟု ကုန်စုံဆိုင်ပိုင်ရှင် တစ်ဦးက ပြောသည်။

မြန်မာ့ကြက်သွန်နီကို တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံ၊ ဗီယမ်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများကိုပါ တင်ပို့ရောင်းချမှုရှိသော်လည်း လက်ရှိတွင် တရုတ်နိုင်ငံကသာ အဝယ်လိုက်နေသည့်အတွက် တရုတ်နိုင်ငံကိုအဓိကတင်ပို့နေရဟု သိရသည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံကို G to G စနစ်ဖြင့် ကြက်သွန်နီ တင်ပို့ရန်စီစဉ်နေသော်လည်း လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်း မရှိသေးဟုသိရသည်။ မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် ဧကပေါင်း ၁ ဒသမ ၇ သိန်းကျော်ရှိပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော် ထွက်ရှိကြောင်းသိရသည်။ ကြက်သွန်နီကို ပခုက္ကူ၊ ဆိပ်ဖြူ၊ မြစ်သား၊ မုံရွာ၊ ပဲခူးတိုင်းအပြင် ကျန်မြို့နယ်များ တွင်စိုက်ပျိုးကြသော်လည်း ပခုက္ကူ၊ မြစ်သား၊ ဆိပ်ဖြူ၊ မုံရွာ ကြက်သွန်နီသည် ဈေးကွက်ဝင်ကြောင်းသိရသည်။ Source: Awba

Source:[https://myantrade.gov.mm/article/naypyitaw_24082023_1006](https://myantrade.gov.mm/article/naypyitaw_24082023_1006)

## ပဲ၊နှမ်းဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေ

ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးဖြင့်သာ အရောင်းအဝယ် ဖြစ်နေကြောင်း ကုန်သည်များထံက သိရသည်။ ပြည်တွင်းပဲ၊ နှမ်း ဈေးကွက်တစ်ခုလုံး လက်ကျန်နည်းလာခြင်းကြောင့် အမြင့်ဈေးများဖြင့်သာ အရောင်းအဝယ်ကောင်းနေပြီး အသစ်ဝင်နှမ်းမျိုးစုံမှာ တရုတ်ဝယ်လက်၏ ဝယ်လိုအားနှင့် နှမ်းထွက်ရှိမှုနည်းပါးခြင်းကြောင့် စံချိန်တင်ဈေးမြင့်တက်နေခြင်း ဖြစ်သည်။

ဩဂုတ်လကုန်ပိုင်းတွင် ပြည်တွင်းသုံးကုလားပဲအုပ်စု ဈေးမြင့်တက်နေရာမှ အနည်းငယ် ကျဆင်းသွားကြောင်း၊ အသစ်ဝင်နှမ်းဖြူများမှာ ဆက်လက်ဈေးမြင့်တက်နေရာ ဂျပန်နှမ်းဖြူတစ် အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ အထိ စံချိန်တင် ဈေးကောင်းလာကြောင်း စားအုန်းဆီဈေး မြင့်တက်နေခြင်းကြောင့် ပြည်တွင်း မြေပဲဆန်ဈေးမှာလည်းလိုက်ပါ ဈေးမြင့်တက်နေကြောင်း၊ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးဖြင့် အရောင်းအဝယ်ပုံမှန်သာရှိနေကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲဈေးများဈေးပြန်အေးသွားပါတယ်၊ အသစ်ဝင်နှမ်းဖြူတွေကတော့ ဈေးဆက်ကောင်းနေပါတယ်၊ ရိုးရိုးနှမ်းဖြူတွေလည်း တစ်အိတ်လျှင် ငွေကျပ် လေးသိန်းကျော် ပေါက်ဈေးရှိပါတယ်၊ ပို့ကုန် ပဲတီစိမ်းကတော့ ဈေးအေး နေဆဲပါ၊ တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ လောက် ပေါက်ဈေးရှိပါတယ်၊ မတ်ပဲလည်း ဈေးဆက်လက်မြင့် တက်နေပါတယ်၊ ပဲစင်းငုံကတော့ လက်ကျန်လည်းနည်းလာတော့ ဈေးကွက်ပျောက်နေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး အမြင့်ဈေးတွေနဲ့ အရောင်းအဝယ် တည်ငြိမ်နေပါတယ်၊ မြေပဲအနီလုံးဆန် ကတော့ လက်ကျန်နည်းလာလို့ တစ်ပိဿာလျှင် ငွေကျပ်တစ်သောင်း ကျော်အထိ ပေါက်ဈေးရှိလာပါတယ်" ဟု ၎င်းက ပြောသည်။

ဩဂုတ်လ ၂၃ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ပြန်လည်ကျဆင်းသွား ရာ ဩဂုတ်လ ၂၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀၊ V7 တစ် အိတ်လျှင် ငွေကျပ် ၂၇၇၀၀၀၊ ထိုင်ဝမ် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀ ပေါက်ဈေး ဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ် ငွေကျပ် ၂၄၀၀၀၀၊ မြေပဲအနီလုံးဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၁၀၄၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။ နှမ်းမျိုးစုံ ဈေးကွက်မှာ ယခင်သီတင်းပတ်ထက် အနည်းငယ် ဈေးပြန်တက်လာရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀၊ နှမ်းညို တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းနက်စမုံတစ်အိတ်လျှင် ငွေကျပ် ၄၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရ သည်။ Source: မကွေးဂျာနယ်

Source:[https://myantrade.gov.mm/article/naypyitaw_28082023_1011](https://myantrade.gov.mm/article/naypyitaw_28082023_1011)

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနေရ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့်ဇွန်လနှင့်ဇူလိုင်လက တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၂၂၅၀၀ ထိသာ တင်ပို့ ရောင်းချခဲ့ရပြီး ဩဂုတ်လ ၁ ရက်မှ ဩဂုတ်လ ၂၄ ရက်နေ့ထိ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချ နေရကြောင်း၊ အဆိုပါ ဒေသထွက်နာနတ်သီးများကိုအလုံး ၁၀၀၀ လျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ထိရရှိပြီး ရန်ကုန်မြို့မှ အဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

“အခုနှစ် နာနတ်သီးဈေးကောင်းတော့ စိုက်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ နာနတ်သီးက အခုနှစ်ပြည်တွင်း မှာကို အဝယ်လိုက်နေပါတယ်။ အထွက်နည်းတာကြောင့်လည်း ဈေးကောင်းရရှိနေတဲ့သဘောရှိပါတယ်။ ဒေသထွက်နာနတ်သီး

တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အခုနှစ် ဈေးကောင်းရရှိတဲ့အပြင် သဘာဝဘေးကြောင့် အပျက်အစီးနည်းတော့ တောင်သူတွေအများစုအဆင်ပြေတာတွေ့ရပါတယ်”ဟု ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများကို ကျေးလက်ဒေသများက အများဆုံးစိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် တစ်ဧကမှ ၁ဝ ဧကထိ စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးထားသည့် နာနတ်သီးများ အရည်အသွေးကောင်းမွန်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ Source : (၂၅-၈-၂၀၂၃)ရက်နေ့ထုတ် ရတနာပုံသတင်းစာ

## နိုင်ငံတကာဈေးကွက်

### အာရှ၊ အာဖရိက အိမ်ထောင်စုတွေကို ဘတ်ဂျက်ထိစေမယ့် မိုးထိုးလာတဲ့ ဆန်ဈေး

ကမ္ဘာ့ဆန်ဈေးတွေ ၁၅ နှစ်နီးပါးအတွင်း အမြင့်ဆုံးနှုန်းအထိ ထိုးတက်လာတာကြောင့် ကမ္ဘာ့ပေါ်က အဆင်းရဲဆုံး လူထုတွေအတွက် အစားအသောက်စရိတ်စကတွေ မတန်တဆ ကြီးမြင့်လာမယ့်အရေး စိုးရိမ်မှုသစ်တွေ ဖြစ်ထွန်းလာခဲ့ပြန်ပါတယ်။ ဆန်ဟာ အာရှနဲ့အာဖရိကတိုက်က လူသန်းပေါင်းများစွာရဲ့အခြေခံအစားအစာအဖြစ်အလွန်အရေးပါလှပါတယ်။ အရှေ့တောင်အာရှနဲ့ အာဖရိကဒေသတွေမှာ ဆန်ဟာ လူတွေရဲ့ ကယ်လိုရီစားသုံးမှုစုစုပေါင်းအနက် ၆ဝ ရာခိုင်နှုန်းအထိ ပါဝင်နေပြီး ဘင်္ဂလားဒေ့ရှ်လို နိုင်ငံမျိုးတွေမှာဆိုရင် စားသုံးမှုရဲ့ ၇ဝ ရာခိုင်နှုန်းအထိတောင် ရှိတယ်လို့ သိရပါတယ်။

ဒီတစ်ခါ ဆန်ဈေးတွေ ပြန်လည်ထိုးတက်လာခြင်းက ပြင်းထန်တဲ့ ရာသီဥတုကြောင့်တစ်မျိုး၊ ယူကရိန်းပဋိပက္ခ ပိုဆိုးလာတာကတစ်မျိုးနဲ့ ကမောက်ကမဖြစ်နေရတဲ့ ကမ္ဘာ့စားသောက်ကုန်ဈေးကွက်အပေါ် ဖိအားတွေထပ်တိုးလာစေပါတယ်။ ထိုင်းနိုင်ငံမှာ ခြောက်သွေ့တဲ့ရာသီဥတုက စပါးသီးနှံကို ခြိမ်းခြောက်နေသလို ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ၄ဝ ရာခိုင်နှုန်းအထိ ရောင်းချပေးနေတဲ့ ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယကလည်း ပို့ကုန်ကန့်သတ်ချက်တွေ တိုးမြှင့်ချမှတ်လိုက်တဲ့အတွက် ထိုင်းငါးမှတ် ဆန်ဖြူဈေးတွေဟာ ယခုအပတ်မှာ တစ်တန်ကို ၆၄၈ ဒေါ်လာအထိ မြင့်တက်သွားခဲ့ပါတယ်။

"ဆန်ဈေးတက်လာတာဟာ စားသောက်ကုန်ဈေး မြင့်တက်မှုကို အားပေးလိမ့်မယ်။ အထူးသဖြင့် ဆန်စားသုံးမှုများတဲ့ အာရှနိုင်ငံတွေက ဆင်းရဲတဲ့မိသားစုတွေမှာ ပိုခံရမယ်"လို့ ဝါရှင်တန်ရှိ နိုင်ငံတကာ စားနပ်ရိက္ခာ မူဝါဒသုတေသနအဖွဲ့ အကြီးတန်းပညာရှင် Joseph Glauber က ပြောပါတယ်။ "နိုင်ငံတွေဟာ တစ်နိုင်ငံက ပို့ကုန်ပိတ်ဆို့ရင် အလားတူ လိုက်ပြီး လုပ်တတ်ကြတယ်။ ကမ္ဘာ့အဆင်းရဲဆုံးလူထုတွေဟာ အကြီးမားဆုံး ထိခိုက်နစ်နာမှုကို ကြုံကြရလိမ့်မယ်"လို့ ၎င်းက ပြောပါတယ်။

ကမ္ဘာ့ဆန်ရောင်းအား ကျပ်တည်းလာမဲ့အရေး စိုးရိမ်မှုတွေနဲ့အတူ အစိုးရအသီးသီးဟာ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံရေး ဦးစားပေးပြီး ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒတွေ အပြိုင်အဆိုင်ကျင့်သုံးလာမဲ့ အန္တရာယ်လည်း တိုးပွားလာပါ တယ်။ အာရှတိုက်ရဲ့ စပါးသီးနှံကို ဒုက္ခပေးမဲ့ အယ်နီညိုရာသီဥတု ပြန်ဖြစ်ထွန်းလာခြင်းကလည်း စိုးရိမ်မှုတွေကို မီးလောင်ရာ လေပင့် ဖြစ်စေပါတယ်။

"အယ်နီညိုရာသီဥတု ဖြစ်ထွန်းလာပြီးနောက်နဲ့ ရုရှားက ယူကရိန်းရဲ့ ဂျုံနဲ့ပြောင်းတင်ပို့လုပ်ငန်းအပေါ် တိုက်ခိုက်မှု တိုးမြှင့်လာပြီးနောက်ပိုင်း ဆန်ဟာ ဈေးပိုကောင်းတဲ့ကုန်စည်ဖြစ်လာတယ်"လို့ စားနပ်ရိက္ခာဖူလုံရေးနဲ့ ပတ်သက်လို့ ဆယ်စုနှစ်များစွာ သုတေသနပြုလုပ်ခဲ့သူ ဟားဗက်တက္ကသိုလ်အငြိမ်းစားပါမောက္ခ Peter Timmer ကပြောပါတယ်။ ဆန်ဈေးဟာ လာမဲ့ခြောက်လနဲ့တစ်နှစ်အတွင်း တစ်တန်ကို ဒေါ်လာ ၁ဝဝ လောက် ထပ်တက်လာနိုင်ကြောင်း ၎င်းကပြောပါတယ်။

"အဓိက မေးခွန်းထုတ်ရမှာကတော့ ဆန်ဈေးဟာ စားသုံးသူတွေကို ကြောက်လန့်တကြားမဖြစ်စေဘဲ ပြင်ဆင်ချိန် ရအောင် ဖြည်းဖြည်းချင်းပဲတက်မလား၊ ဒါမှမဟုတ် တစ်တန်ကို ဒေါ်လာ ၁ဝဝဝ နဲ့အထက်ထိ ချက်ချင်းကြီး ခုန်တက်သွားမလားဆိုတာပါပဲ" လို့ ၂ဝဝ၈ စားနပ်ရိက္ခာအကျပ်အတည်းကြုံစဉ်က အာရှအစိုးရတွေနဲ့ ပူးပေါင်းပြီး မူဝါဒတွေ ရေးဆွဲခဲ့ဖူးသူ Timmer က ပြောပါတယ်။ အဲဒီကာလတုန်းက အိန္ဒိယ၊ ဗီယက်နမ်တို့လို အဓိကဆန်တင်ပို့နိုင်ငံတွေ ပို့ကုန်ပိတ်ပင်ခဲ့ပြီးနောက် ဆန်ဈေးဟာ တစ်တန်ကို ဒေါ်လာ ၁ဝဝဝ အထက်ထိ မြင့်တက်ခဲ့ပါတယ်။

**အယ်နီညိုအန္တရာယ်**

ကမ္ဘာပေါ်မှာ ဆန်စပါးကို အာရှတိုက်မှာပဲ အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး အာရှတိုက်ကပဲ အများဆုံး စားသုံးပါတယ်။ လက်ရှိ အဲဒီဒေသက တောင်သူလယ်သမားတွေဟာ အပူလှိုင်း၊ မိုးခေါင်ခြောက်သွေ့မှုတို့နဲ့ နပန်းလုံးနေကြရပါတယ်။ ဆန်တင်ပို့မှု ဒုတိယများဆုံး ထိုင်းနိုင်ငံမှာဆိုရင် အစိုးရက စပါးအစား ရေလိုအပ်ချက်နည်းတဲ့ တခြားသီးနှံကို စိုက်ပျိုးကြဖို့ တိုက်တွန်းလျက်ရှိပါတယ်။ အင်ဒိုနီရှားနိုင်ငံက ဆန်းစပါးဒေသတွေမှာလည်း တောင်သူတွေဟာ မိုးခေါင်နိုင်တာကိုတွက်ပြီး စပါးအစား ပြောင်းဖူး၊ ဂေါ်ဖီထုပ် စတာတွေကိုစိုက်ပျိုးဖို့ ပြင်ဆင်နေကြပါတယ်။

အယ်နီညိုနဲ့ ရာသီဥတုပြောင်းလဲမှုက ဆန်စပါးစိုက်ပျိုးရေးကို အနှောင့်အယှက်ပြုပြီး ကုန်ဈေးနှုန်းတွေ မြင့်တက်လာအောင်လုပ်မလားဆိုတာက အဓိကကျတဲ့ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိလိမ့်မယ်လို့ စင်ကာပူနိုင်ငံ Maybank Investment Banking Group ရဲ့ အကြီးတန်းစီးပွားရေးပညာရှင် Chua Hak Bin က ပြောပါတယ်။

အခြေအနေဟာ ကိုယ်ကျိုးစီးပွားကာကွယ်ရေးမူဝါဒတွေ အပြိုင်အဆိုင် ပြဋ္ဌာန်းလာစေဖို့ စေ့ဆော်ပေးနိုင်ပါတယ်။ အဲဒီလို ပို့ကုန် ထိန်းချုပ်ကန့်သတ်တာတွေထပ်ရှိလာရင် ကမ္ဘာမှာ စားသောက်ကုန်ပြတ်လပ်တာ၊ ဈေးနှုန်းတက်လာတာတွေ ထပ်တိုးဖြစ်ပေါ်နိုင်တယ်လို့ ၎င်းကပြောပါတယ်။ "ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာက ရှိတဲ့ငွေကြေးကို အစားအစာအတွက် အဓိက သုံးနေရတာကြောင့် စားသောက်ကုန်ဈေး တက်တဲ့အခါ ပိုပြီးထိခိုက်နိုင်မယ်" လို့ ၎င်းက ပြောပါတယ်။

ဒါပေမဲ့ ဆန်စားသုံးမှုများတဲ့နိုင်ငံက အစိုးရတွေရဲ့ စားသောက်ကုန်ဈေးထိန်းချုပ်ရေးအစီအမံတွေနဲ့ အစားအစာထောက်ပံ့ရေးအစီအစဉ်တွေက ဆန်းဈေးထိန်းချုပ်ရာမှာ အထောက်အကူဖြစ်နိုင်ပါတယ်။ ခုဖြစ်ရပ်ဟာ ၂၀၀၈ နဲ့ယှဉ်ရင်တော့ ထိန်းချုပ်နိုင်ဖွယ်ရာ ပိုရှိပါတယ်လို့ Maybank ရဲ့ ပညာရှင် Chua က ပြောပါတယ်။

Ref: Soaring Rice Prices Stretch Budgets for Billions in Asia, Africa –Bloomberg

Source: https://greenwaymyanmar.com/posts/world_rice_market_price

## အိန္ဒိယအစိုးရသည် ဘာစမာတီမဟုတ်သည့် ဆန်ဖြူကို ဘူတန်၊ စင်ကာပူနှင့် မော်ရစ်သျှနိုင်ငံများသို့ တင်ပို့ခွင့်ပြုလိုက်ခြင်း

အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဦးစီးဌာနအောက်ရှိ နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၂၃ ဖြင့် ဘာစမာတီမဟုတ်သည့်ဆန်ဖြူများ ပြည်ပသို့တင်ပို့မှုကို တားမြစ်ပိတ်ပင်သည့် အမိန့်ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် အဆိုပါအမိန့်ကြော်ငြာစာအမှတ် စာပိုဒ် ၂၊ အပိုဒ်ခွဲ(ဃ)တွင် “အခြားသောနိုင်ငံအစိုးရများက စားနပ်ရိက္ခာဖူလုံမှုရှိစေရန်အတွက် မေတ္တာရပ်ခံလာမှုအပေါ်မူတည်ပြီး အိန္ဒိယအစိုးရမှ ဆန်တင်ပို့မှုကို ခွင့်ပြု သွားနိုင်သည်” ဟု ဖော်ပြထားသည်ဟု သိရှိရသည်။

ယခုအခါ နိုင်ငံခြားကုန်သွယ်ရေးအထွေထွေညွှန်ကြားမှုဦးစီးဌာနက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၂၃ ဖြင့် ဘာစမာတီမဟုတ်သည့်ဆန်ဖြူ(HS code 1006 30 90)ကို အမျိုးသားသမဝါယမ ပို့ကုန်လီမိတက်မှတစ်ဆင့် ဘူတန်၊ စင်ကာပူနှင့် မော်ရစ်သျှနိုင်ငံများသို့ ဆန်တင်ပို့မှုကိုခွင့်ပြုခဲ့ပြီး ခွင့်ပြုသည့်ပမာဏကိုပါထုတ်ပြန်ခဲ့သည်။ နိုင်ငံအလိုက် ဆန်တင်ပို့မှုခွင့်ပြုခဲ့သည့်ပမာဏများမှာ ဘူတန်နိုင်ငံသို့ ၇၉၀၀၀ တန်၊ မော်ရစ်သျှနိုင်ငံသို့ ၁၄၀၀၀ တန်နှင့် စင်ကာပူနိုင်ငံသို့ ၅၀၀၀၀ တန်ဖြစ်ကြောင်း တွေ့ရှိရသည်။

အဆိုပါခွင့်ပြုချက်မှာ ဇူလိုင်လက ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် စာပိုဒ် ၂၊ အပိုဒ်ခွဲ (ဃ) အရ ခွင့်ပြုဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရှိရသည်။ Source: စီးပွားရေးသံမှူး၊ နယူးဒေလီမြို့

https://myantrade.gov.mm/article/STP(Ygn)%20_04092023%20_11:32

## အိန္ဒိယနိုင်ငံ ကြက်သွန်စိုက်တောင်သူများ ဆန္ဒပြ

အိန္ဒိယနိုင်ငံအနောက်ပိုင်း၊ မဟာရာရှ်ထရာဒေသ၊ နာရှစ်ခ်ခရိုင်ရှိ ကုန်သည်များအနေဖြင့် ကြက်သွန်နီများကို လေလံစနစ်ဖြင့် ဝယ်ယူခြင်းကို ပြန်လည်စတင်ခဲ့သော်လည်း လယ်သမားများက ၎င်းတို့၏ ထွက်ကုန်များကို ဈေးနှိမ့်ဝယ်ယူမှုကြောင့် ဆက်လက်ဆန္ဒပြခဲ့ကြသည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ ကြက်သွန်နီတင်ပို့မှုအပေါ် အခွန် ၄၀ ရာခိုင်နှုန်း ကောက်ခံမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ဩဂုတ် ၁၉ ရက်က ထုတ်ပြန်ကြေညာခဲ့သဖြင့် ဗဟိုအစိုးရ၏ ဆုံးဖြတ်ချက်သည် ကြက်သွန်စိုက်ပျိုးသူများနှင့် တင်ပို့မှုအပေါ် ဆိုးရွားစွာထိခိုက် ကြောင်း ဆန္ဒပြတောင်သူများက ပြောသည်။

အကောက်ခွန်အရာရှိများသည် ဆိပ်ကမ်းအသီးသီးတွင် ပို့ကုန်အကောက်ခွန်ကို တွက်ချက်ရာ၌ မတူညီသော အခြေခံဈေးနှုန်းများကို အသုံးပြုထားသောကြောင့် ကြက်သွန်တင်ပို့မှုမှာ ကမောက်ကမဖြစ်နေကြောင်း သိရှိရသည်။ သွယ်ဝိုက်အခွန်နှင့် အကောက်ခွန်ဗဟိုဘုတ်အဖွဲ့ (CBIC)သည် ပြည်တွင်းဈေးနှုန်းကို ထိန်းညှိရန် မကြာသေးမီက အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ကြက်သွန်နီများအပေါ် အကောက်ခွန် ၄၀ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း တရားဝင် အမိန့်ထုတ်ပြန်ခဲ့သည်။ ပို့ကုန်ခွန်သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့အထိ အကျုံးဝင်မည် ဖြစ်ကြောင်း အဆိုပါအမိန့်တွင် ဖော်ပြထားသည်။

သို့ဖြစ်၍ အိန္ဒိယပြည်တွင်းရှိ ဆိပ်ကမ်းအသီးသီးတွင် အကောက်ခွန်အာဏာပိုင်များက ဩဂုတ် ၁၉ ရက်မှစ၍ တင်ပို့မှုအပေါ် အခွန် ၄၀ နှုန်းကို တွက်ချက်ရန် အကောက်ခွန်အာဏာပိုင်များက အမျိုးမျိုးသော အခြေခံနှုန်းထားများကို အသုံးပြုနေ

သောကြောင့် အိန္ဒိယကြက်သွန်တင်ပို့မှုသည် ပိုမိုအခက်အခဲနှင့် ရင်ဆိုင်နေရသည်။ အကောက်ခွန်အာဏာပိုင်များသည် ပို့ကုန်လုပ်ငန်းရှင်များ ပို့ကုန်အခွန်၏ သက်ရောက်မှုကို လျှော့ချနိုင်ရန်အတွက် တင်ပြသည့်ကုန်ပစ္စည်းများ၏ ပို့ကုန်ကြေညာလွှာများတွင် ဈေးနှုန်းကို လျှော့နည်းဖော်ပြခြင်းမပြုနိုင်ရန် အခြေခံဈေးနှုန်းကို သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇာစ်မြစ်၊** [indiashippingnews.com](indiashippingnews.com)

## ဖိလစ်ပိုင်နိုင်ငံ ဆန်တန်ချိန် ၁၁ သိန်း တင်သွင်း

အယ်နီညို ခြောက်သွေ့ရာသီဥတုကြောင့် စပါးအထွက်နှုန်းဆုံးရှုံးမှုများကို ကာမိဖို့ မက်ထရစ်တန် ၅၀၀,၀၀၀ ဝန်းကျင် ထပ်မံတင်သွင်းဖို့ ဖိလစ်ပိုင် စိုက်ပျိုးရေးဌာနက အကြံပြုထားကြောင်း စိုက်ပျိုးရေးလက်ထောက်အတွင်းဝန် Mercedita Sombilla က (ဩဂုတ် ၁၆)တွင် ပြောကြားသည်။ ဆန်တင်သွင်းမှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံသည် ထပ်တိုးတင်သွင်းမည့် ဆန်တန်ချိန် ၅ သိန်းကို ပုဂ္ဂလိက ကုန်သည်များက တင်သွင်းမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလနှင့် နောက်နှစ်ဇန်နဝါရီလအထိ ကာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ဆန်များရောက်ရှိရန် လျာထားသည်။

ယခု ဆန်တန်ချိန် ၅ သိန်းသည် ယခင်က ပုဂ္ဂလိကကုန်သည်များ တင်သွင်းရန် ခွင့်ပြုထားသည့် ပမာဏအပြင် ထပ်တိုးလိုက်ခြင်းဖြစ်သည်။ ယခင်ခွင့်ပြုခဲ့သည့် ဆန်တန်ချိန်တွင် တန်ချိန် ၃ သိန်းသည် ယခု ဩဂုတ်လကုန်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး စက်တင်ဘာလတွင် နောက်ထပ် တန်ချိန် ၃ သိန်း ထပ်မံ ရောက်ရှိမည်ဖြစ်သည်။ ယခုနှစ်တွင် ယခုအထိ ဖိလစ်ပိုင် ဆန်တင်သွင်းမှုတွင် ၈၉ ရာခိုင်နှုန်းသည် ဗီယက်နမ်နိုင်ငံမှဖြစ်ပြီး ကျန်သည့်ရာခိုင်နှုန်းမှာ မြန်မာ၊ ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှဖြစ်ကြောင်း Sombilla က ပြောသည်။ ဖိလစ်ပိုင်နိုင်ငံတွင် တင်သွင်းသည့်ဆန် လက်လီဈေးနှုန်းများ၊ ပြည်တွင်းထုတ်ဆန် လက်လီဈေးနှုန်းများသည် ယခုလအတွင်း ၁၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရက အချက်အလက်ထုတ်ပြန်သည်။ Source: https://www.foodindustrydirectory.com.mm

Source: [https://myantrade.gov.mm/article/naypyitaw_17082023_950](https://myantrade.gov.mm/article/naypyitaw_17082023_950)

## အိန္ဒိယနိုင်ငံ Darjeeling လက်ဖက်ခြောက်လုပ်ငန်း အကျပ်အတည်းကျရောက်လျက်ရှိ၊ ပြည်တွင်းနှင့် တရုတ်နိုင်ငံ ဈေးကွက်များတွင် ပြန်လည်ရှင်သန်ရန် အဓိကသော့ချက်ဖြစ်ဟုဆို

အိန္ဒိယနိုင်ငံ၏ နာမည်ကျော် Darjeeling လက်ဖက်ခြောက်လုပ်ငန်းသည် စိန်ခေါ်မှုအမျိုးမျိုးကြောင့် ဖြစ်တည်မှုအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း၊ သို့သော်လည်း ပြည်တွင်းစားသုံးမှုတိုးမြင့်လာခြင်းနှင့် တရုတ်နိုင်ငံဈေးကွက်သို့ ဝင်ရောက်ခြင်းသည် အဆိုပါကဏ္ဍကိုကယ်တင်နိုင်ဖွယ်ရှိသည်ဟု အိန္ဒိယနိုင်ငံ လက်ဖက်ခြောက်တင်ပို့ရောင်းချသူများအသင်း (ITEA )၏ ဥက္ကဋ္ဌ Anshuman Kanoria က ပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကုန်သည်စက်မှုအသင်းချုပ်က ကြီးမှူးကျင်းပသော ဩဂုတ်လ(၁၇)ရက်နေ့အခမ်းအနားတွင် Mr Kanoria က တရုတ်စားသုံးသူများသည် ကမ္ဘာပေါ်တွင် အရည်အသွေးကောင်းသော လက်ဖက်ခြောက်ကို အမြင့်ဆုံးဈေးနှုန်းပေးဝယ်၍ သောက်သုံးလေ့ရှိကြကြောင်း ပြောကြားခဲ့သည်။ Darjeeling လက်ဖက်ခြောက်ကို တစ်ကမ္ဘာလုံးက လက်ခံထားသော်လည်း ထုတ်ကုန်နှင့်ပတ်သက်၍ အသိပညာနှင့် ပညာပေးမှုအားနည်းလျက်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။ ဈေးကွက်ဝင်ရောက်မှု၊ ငွေသားထည့်ဝင်မှုတို့မှတစ်ဆင့် အစိုးရ၏ဝင်ရောက်စွက်ဖက်မှုလိုအပ်ကြောင်းနှင့် Darjeeling လက်ဖက်ရည်အဖြစ် ဟန်ဆောင်ထားသည့် နီပေါနိုင်ငံမှ ဈေးပေါသော လက်ဖက်ခြောက်များ ထိုးဖောက်ဝင်ရောက်မှုကို တားမြစ်ရန် ၎င်းက တောင်းဆိုခဲ့သည်။

Darjeeling လက်ဖက်ခြောက်လုပ်ငန်းသည် ရာသီဥတုဖောက်ပြန်မှု၊ ကြီးမားသော အလုပ်သမားပြတ်လပ်မှုနှင့် ဈေးကွက်အတွင်း နီပေါလက်ဖက်တို့ဝင်ရောက်မှုတို့ကြောင့် ထိခိုက်ခဲ့မှုအပေါ် "အဲဒါက ICU က လူနာပါ" ဟု Mr Kanoria က အဆိုပါအခြေအနေနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်က Gorkhaland နိုင်ငံရေးလှုပ်ရှားမှုကြောင့် လုပ်ငန်းများပိတ်သိမ်းခဲ့ရသည့်အချိန်က ကြီးမားသော ဘဏ္ဍာရေးဆုံးရှုံးမှုကိုဖြစ်စေခဲ့ပြီး နိုင်ငံခြားဝယ်လက်များကို Darjeeling လက်ဖက်ခြောက်မှ အခြားလက်ဖက်ခြောက်များထံ ပြောင်းလဲစေခဲ့သည်။ ယင်းကြောင့် နီပေါနိုင်ငံမှ လက်ဖက်ခြောက်က ဈေးကွက်ကို သိမ်းပိုက်နိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံသို့ ဝင်ရောက်လာသော နီပေါလက်ဖက်ခြောက်သည် ပို့ကုန်အဆင့်ကို ကျော်လွန်ကာ ဆိုးရွားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်လာကြောင်း Mr Kanoria က သတိပေးခဲ့သည်။ နီပေါနိုင်ငံ၏ Darjeeling လက်ဖက်ခြောက်တုထုတ်လုပ်မှုသည် ယခုအခါ ကီလိုဂရမ် ၆ သန်းနီးပါးရှိကြောင်း သိရသည်။

Darjeeling လက်ဖက်ခြံအများစုသည် တစ်ကီလိုလျှင် ရူပီး ၂၀၀ ခန့်ဆုံးရှုံးပြီး နှစ်စဉ် ကုဋေပေါင်းများစွာ ဆုံးရှုံးမှုရှိကြောင်း၊ GI မှတ်ပုံတင်ထားသော လက်ဖက်ခြံ ၈၇ ခုတွင် ၇၀ သည် လည်ပတ်ကာ အလုပ်လုပ်နိုင်သော်လည်း ကျန်

လက်ဖက်ခြံ ၄၀ မှ ၅၀ အထိ ရောင်းချရန်ရှိနေသည်ဟု ITEA ဥက္ကဋ္ဌ ၏ မှတ်ချက်ပြုခဲ့သည်။ ထို့ကြောင့် ယင်းက အိန္ဒိယနိုင်ငံ Darjeeling လက်ဖက်ခြောက်လုပ်ငန်း၏ အရေးကြီးသော အခြေအနေနှင့် အရေးတကြီးဖြေရှင်းမှုများ လိုအပ်နေကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။

**သုံးသပ်တင်ပြချက်**

မြန်မာနိုင်ငံ၏ လက်ဖက်ခြောက်ပို့ကုန်ကဏ္ဍသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဈေးကွက်အပေါ် အဓိကအမှီပြုလျက်ရှိပြီး၊ အိမ်နီးချင်းနိုင်ငံအချို့နှင့် ဈေးကွက်ယှဉ်ပြိုင်နေရသည့် အခြေအနေတွင်ရှိပါသည်။ အိန္ဒိယနိုင်ငံ၏ နာမည်ကျော် Darjeeling လက်ဖက်ခြောက်တင်ပို့မှုကဏ္ဍတွင် တရုတ်နိုင်ငံဈေးကွက်သည် အဓိကအခန်းကဏ္ဍမှပါဝင်ကြောင်းနှင့် အိမ်နီးချင်းနီပေါနိုင်ငံမှ လက်ဖက်ခြောက်များ ဈေးကွက်ဝင်ရောက်မှုကြောင့် ပြည်တွင်းလက်ဖက်ခြောက်လုပ်ငန်းများ ထိခိုက်မှုရှိသည့် အခြေအနေကို သိရှိနိုင်ရေး တင်ပြလိုက်ရပါသည်။

ရည်ညွှန်း။

Business Standard၊ "Domestic consumption, Chinese market can lift Darjeeling tea: ITEA chairman"၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့။(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)%20_22082023%20_12:24

## အမေရိကန်သို့ ပို့ကုန်တင်ပို့မှုဆိုင်ရာ သတင်းများရရှိပြီးနောက် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအုန်းသီးဈေးနှုန်း သုံးဆတိုးမြင့်လာ

ဗီယက်နမ်နိုင်ငံ၏ လတ်ဆတ်သောအုန်းသီးများကို အမေရိကန်သို့ တင်ပို့နိုင်သည်ဟူသော သတင်းအချက်အလက်များရှိပြီးနောက် မဲခေါင်မြစ်ဝရှိ အုန်းသီးဈေးနှုန်းများ တက်လာခဲ့သည်။

နှစ်စပိုင်းတွင် အုန်းသီးလတ်လတ်ဆတ်ဆတ်များ၏ ဈေးနှုန်းမှာ ၁၀ လုံးကို ဗီယက်နမ် ဒေါင် ၁၅၀၀၀-၂၀၀၀၀ ရှိရာမှ ဗီယက်နမ်ဒေါင် ၆၀၀၀၀ – ၆၅၀၀၀ အထိ သုံးဆတက်လာခဲ့သည်။

အုန်းသီးဈေးနှုန်းများ မြင့်တက်လာရသည့် အကြောင်းရင်းမှာ ကမ္ဘာ့အုန်းသီးဈေးနှုန်းများ တိုးမြင့်မှုကြောင့်ဖြစ်သည်ဟု Ben Trc ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဌာနက ပြောကြားခဲ့သည် ။

ပြည်နယ်၏ အုန်းသီးစိုက်ဒေသသည် နိုင်ငံအတွင်းတွင် အကြီးဆုံးဖြစ်သော်လည်း ကမ္ဘာနှင့်နှိုင်းယှဉ်လျှင် အလွန်သေးငယ်သောကြောင့် အုန်းသီးဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်အပေါ် များစွာမူတည်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ် အုန်းသီးကို အမေရိကန် တရားဝင်ရောင်းချခွင့်ရရှိသည့် သတင်းများဖော်ပြပြီးနောက် ပြည်တွင်းဈေးကွက်၌ အပြုသဘောဆောင်သော အချက်များစွာရှိလာသည်။

နှစ်နှစ်ကျော်ဝယ်ယူမှုကျဆင်းပြီး နောက်ယခုကဲ့သို့ဝယ်ယူမှုမြင့်တက်လာခြင်းသည် အုန်းစိုက်ပျိုးသူများကိုလွန်စွာစိတ်လှုပ်ရှားစေသည်။ အဘယ်ကြောင့်ဆိုသော် အုန်းပင်များသည် အိမ်ထောင်စုများစွာအတွက် အဓိကဝင်ငွေရင်းမြစ် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ပြင် စီးပွားရေး လုပ်ငန်းတချို့ကလည်း အုန်းသီးများ တင်ပို့ဖို့ စတင်စီစဉ်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တစ်ဝန်း အုန်းသီးထုတ်လုပ်မှုတွင် သတ္တမမြောက်အဆင့် ရှိပြီး ၁၈၈,၀၀၀ ကျော်ခန့်ရှိသည့် ဧရိယာတစ်ခုရှိပြီး အဓိကအားဖြင့် မဲခေါင်ဒေသတွင် အဓိက ပါဝင်သည်။ နိုင်ငံ၏ အုန်းသီးထွက်ရှိရာဒေသသည် ကမ္ဘာ့ဒေသ၏ ၁ ဒသမ ၆၇ ရာခိုင်နှုန်းဖြစ်ပြီး အာရှအုန်းသီးထွက်ရှိရာဒေသ၏ ၂ ဒသမ ၀၇ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

လွန်ခဲ့သောနှစ်က အုန်းသီးပို့ကုန် တစ်နှစ်ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၉၀၀ ခန့် ခန့်မှန်းခဲ့ပြီး ၊ ဗီယက်နမ်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် အုန်းသီးထုတ်ကုန်တင်ပို့ရာတွင် စတုတ္ထအကြီးဆုံး တင်ပို့သည့် နိုင်ငံဖြစ်သည်။

လတ်တလောတွင် အလုပ်အကိုင် ၁၅,၀၀၀ ကျော်အတွက် အုန်းသီးခွံများ processing ဆောင်ရွက်ခြင်း၊ အုန်းသီးဆံနှင့် အုန်းသီးအရည် ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများမှ အလုပ်အကိုင်များ ဖန်တီးပေးနေပြီး လုပ်ငန်းအရွယ်အစား အမျိုးမျိုးနှင့် အရွယ်အစား အမျိုးမျိုးဖြင့်အုန်းသီး ထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၈၅၄ ခုခန့်ရှိကြောင်း သိရှိရပါသည်။

လက်ရှိတွင် အုန်းသီးထုတ်ကုန်များကို တင်ပို့သည့် စီးပွားရေးလုပ်ငန်း ၉၀ ကျော်ရှိပြီး ၎င်းတို့အနက် ၄၂ ခုမှာ အဆင့်မြင့် ထုတ်လုပ်တင်ပို့လျက်ရှိသည်။

အုန်းသီးထုတ်လုပ်မှု စက်မှုကဏ္ဍအနေဖြင့် အုန်းသီးနှင့် အုန်းသီးအတွက် ထုတ်ကုန်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် ရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ Source: VN Express

(ဝင့်နန္ဒာကျော်ကျော်၊စီးပွားရေးသံမှူး၊ ဗီယက်နမ်)

Source: https://myantrade.gov.mm/article/Naypyitawstp_220820230435

## တရုတ်ပြည်မကြီးသည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ရပ်ဆိုင်း

ထိုင်ဝမ်မှ တရုတ်ပြည်မကြီးသို့ တင်သွင်းသည့် သရက်သီးများကို ဩဂုတ်လ (၂၁) ရက်နေ့မှစတင်၍ ရပ်ဆိုင်းထားရန် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs-GACC)၏ ဆုံးဖြတ်ချက်သည် တရားဝင်၊ သိပ္ပံနည်းကျနှင့် စံချိန်စံညွှန်းမီ ဇီဝလုံခြုံရေး ကြိုတင်ကာကွယ်မှုဖြစ်ကြောင်း နိုင်ငံတော်ကောင်စီရုံးမှ ထိုင်ဝမ်ရေးရာ ပြောရေးဆိုခွင့်ရှိသူ Ms. Zhu Fenglian က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် နေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်ဌာနသည် ယခုနှစ်အတွင်း ထိုင်ဝမ်မှ တင်သွင်းသည့် သရက်သီးများတွင် အန္တရာယ်ရှိသော အင်းဆက်ပိုးမွှားတစ်မျိုးဖြစ်သည့် passionvine mealybugs ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါပိုးမွှားများသည် တရုတ်ပြည်မကြီး၏ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဂေဟစနစ်လုံခြုံရေးအတွက် ကြီးမားသော ခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။ ယခုတွေ့ရှိမှုကြောင့် GACC သည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှစတင်ကာ အကန့်အသတ်မရှိ ရပ်ဆိုင်းခဲ့ကြောင်း သိရသည်။

GACC သည် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ချုပ်ဆိုခဲ့သော တရုတ်-ထိုင်ဝမ် စိုက်ပျိုးရေးထွက်ကုန်များ ပိုးမွှားကင်းရှင်းရေးနှင့် စစ်ဆေးရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ဆောင်ရွက်လျက်ရှိသည့် လမ်းကြောင်းများကို ဆိုင်းငံ့ထားရန် ထိုင်ဝမ်ကိုအသိပေးအကြောင်းကြားခဲ့ပြီး အပင်ပိုးမွှားကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တောင်းဆိုခဲ့သည်ဟု Zhu က ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အစီအမံများသည် လုပ်ရိုးလုပ်စဉ်၊ သိပ္ပံနည်းကျနှင့် ကျိုးကြောင်းဆီလျော်သော ဇီဝလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများဖြစ်ပြီး တရုတ်ပြည်မကြီး၏ ဥပဒေများ၊ စည်းမျဉ်းများ၊ စံနှုန်းများနှင့် ညီညွတ်ကြောင်း သူမကပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံသည် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အစားအစာဘေးကင်းလုံခြုံရေးနှင့် ပိုးမွှားကင်းစင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပိုးမွှားများစစ်ဆေးတွေ့ရှိပါက တင်သွင်းမှုကို ချက်ချင်းဆိုင်းငံ့လေ့ရှိသဖြင့် မြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော စားသောက်ကုန်များ၊ ရေထွက်ကုန်များနှင့် သစ်သီးဝလံများ ပိုးမွှားကင်းစင်ရေးကို အထူးဂရုပြု ဆောင်ရွက်သင့်သည်။ Source: www.chinadaily.com.cn/a/202308/21/WS64e31d49a31035260b81d5b4.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_220820231030

## အိန္ဒိယနိုင်ငံသည် ပြည်တွင်းဂျုံဈေးနှုန်းကို ထိန်းထားရေးအတွက် ရုရှားဂျုံများဝယ်ယူတင်သွင်းရန်ဆွေးနွေး

အိန္ဒိယနိုင်ငံသည် ရုရှားဂျုံများကို လျှော့ဈေးဖြင့် ဝယ်ယူတင်သွင်းရေးအတွက် ရုရှားတာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း ရိုက်တာသတင်းဌာနက (ဩဂုတ်လ ၁၇) ရက်နေ့တွင် ဖော်ပြခဲ့သည်။ ပြည်တွင်းဈေးကွက်၌ ဂျုံဖြည့်ဆည်းပေးနိုင်စွမ်းကို မြှင့်တင်ရေး၊ ပြည်တွင်းစားသောက်ကုန်ဈေးနှုန်းများကြီးမြင့်မှုကို ထိန်းချုပ်ရေးတို့အတွက် ရုရှားဂျုံများ ဝယ်ယူတင်သွင်းရန် ဆွေးနွေးနေခြင်းဖြစ်ကြောင်း အိန္ဒိယအစိုးရ သတင်းအရင်းအမြစ်များက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် လာမည့်နှစ် အမျိုးသားရွေးကောက်ပွဲများမတိုင်မီ ပြည်တွင်းဂျုံဈေးနှုန်း မြင့်တက်မှုကို ထိန်းချုပ်ရေးအတွက် ရုန်းကန်နေရသည်။ သို့သော် ရုရှားဂျုံများ ဝယ်ယူတင်သွင်းမည်ဆိုပါက ဂျုံဈေးကွက်အတွင်း၌ ဂျုံဈေးနှုန်းလျှော့ချရေးအတွက် အိန္ဒိယအစိုးရအနေဖြင့် တိုက်ရိုက်ကြားဝင် စွက်ဖက်နိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်များအတွင်း နှစ်နိုင်ငံဆွေးနွေးပွဲသဘောတူညီချက်များဖြင့် ဂျုံကို ဝယ်ယူတင်သွင်းမှု မရှိခဲ့ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်း ဂျုံဈေးနှုန်းကို လျှော့ချရေးအတွက် ရုရှားဂျုံကို တန်ချိန် သုံးသန်းမှ လေးသန်းထိသာ တင်သွင်းရန်လိုအပ်သော်လည်း အကျိုးသက်ရောက်မှု ပိုမိုအားကောင်းရေးအတွက် ရုရှားဂျုံကို တန်ချိန် ရှစ်သန်းမှ ကိုးသန်းထိ ဝယ်ယူတင်သွင်းသွားဖွယ်ရှိကြောင်း သိရသည်။ Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_18082023_352

## တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများ တင်ပို့ရန် သဘောတူစာချုပ် လက်မှတ်ရေးထိုး

တောင်အာဖရိကနိုင်ငံသည် တရုတ်နိုင်ငံသို့ ထောပတ်သီးများတင်ပို့ရန် သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်သောကြောင့် ယခုသီတင်းပတ်တွင် တောင်အာဖရိက၏ ပို့ကုန်တင်ပို့မှု အားကောင်းလာခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ Xi Jinping ၏ တောင်အာဖရိကနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း တောင်အာဖရိကနိုင်ငံ၏ စိုက်ပျိုးရေး၊ မြေယာပြုပြင်ပြောင်းလဲရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီး Thoko Didiza သည် တရုတ်နိုင်ငံခြားရေးဝန်ကြီး

Wang Yi နှင့် သဘောတူစာချုပ်ကို ၂၂-၈-၂၀၂၃ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြောင်းသိရသည်။ နိုင်ငံအတွင်း အလုပ်အကိုင်များ ပိုမိုဖန်တီးပေးပြီး စီးပွားရေးတိုးတက်စေမည့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ်သည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရခြင်းသည် တောင်အာဖရိက ထောပတ်သီးများအတွက် ပို့ကုန်ဦးဆောင်သော တိုးတက်မှုကိုရရှိစေရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ၎င်းသည် အစိုးရ၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ပြုပြင်ထုတ်လုပ်မှုမဟာစီမံကိန်းအောက်မှ ကတိ ကဝတ်တစ်ခုဖြစ်သည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း တောင်အာဖရိက၏ ထောပတ်သီးလုပ်ငန်းသည် စိုက်ပျိုးဧရိယာ (၄,၇၅၀) ဟက်တာအထိ ထပ်မံတိုးချဲ့နိုင်ခဲ့ပြီး လက်ရှိတွင် ထောပတ်သီးစိုက်ဧရိယာ စုစုပေါင်းဟက်တာ (၁၈,၀၀၀)ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ထောပတ်သီးတင်ပို့မှုသည် တောင်အာဖရိကတွင် သစ်သီးများ အထူးသဖြင့် ထောပတ်သီးစိုက်ပျိုးမှုများ ပိုမိုများပြားလာပြီး အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားလာစေမည်ဟု Didiza မှ ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ထောပတ်သီး အဓိကစားသုံးသည့်နိုင်ငံများထဲမှ တစ်ခုဖြစ်လာဖွယ်ရှိပြီး တောင်အာဖရိကအတွက် ကြီးမားသော အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

အထူးသဖြင့် ထောပတ်သီးအထွက်နှုန်းများသော ကျေးလက်ဒေသများတွင် အလုပ်အကိုင်ရရှိမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြင့်တက်လာစေမည်ဖြစ်ပြီး အကျိုးကျေးဇူးများစွာ ရရှိစေမည်ဟု Didiza က ပြောကြားခဲ့ကြောင်း သိရသည်။

ထောပတ်သီးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်သူများအပါအဝင် လူပေါင်း (၁၅,၀၀၀)ကျော်ကို အလုပ်အကိုင်ခန့်ထားပေးသည့် လုပ်ငန်းစုတစ်ခုဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကမှ ထောပတ်သီးများအတွက် တရုတ်ဈေးကွက်ဖွင့်လှစ်ခြင်းကို ကြိုဆိုပါကြောင်း၊ BRICS နိုင်ငံများသည် အရေးကြီးသည့် စိုက်ပျိုးရေးဈေးကွက်တစ်ခုဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာဘီလီယံ (၃၀၀)ကျော်ရှိသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံသည် အဆိုပါပမာဏ၏ သုံးပုံနှစ်ပုံရှိသော အရေးကြီးသည့် ဈေးကွက်တစ်ခုဖြစ်ကြောင်း တောင်အာဖရိက လယ်ယာစီးပွားရေးကုန်သည်ကြီးများအသင်းမှ စီးပွားရေးပညာရှင် Wandile Sihlobo က ပြောကြားခဲ့ကြောင်း သိရသည်။

တောင်အာဖရိက၏ ပို့ကုန်များကို အမျိုးအစားအစုံဖြစ်စေလိုပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကို နက်ရှိုင်းစေလိုကြောင်းနှင့် လယ်ယာထွက်ကုန် အများအပြားအတွက် တရုတ်ဈေးကွက်ကို ပိုမိုဖွင့်လှစ်ပေးစေလိုကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

တရုတ်-တောင်အာဖရိက ကုန်သွယ်မှုသည် ၁၉၉၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၄)ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၅၆ ဒသမ ၇)ဘီလီယံအထိ အမြောက်အမြား ခုန်တက်သွားခဲ့ကြောင်း သတင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။ Source: www.chinadaily.com.cn/a/202308/25/WS64e7d949a31035260b81e18d.html
(ကေခိုင်ကျော် ၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp-270820231000

## ပြောင်းလဲလာသောရာသီဥတုအရ တောင်ကိုရီးယားနိုင်ငံတွင် ပန်းသီးပင်များအစား သရက်ပင်များ ပြောင်းလဲစိုက်ပျိုး

တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုပူနွေးလာခြင်းကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ပြီး လူကြိုက်များသည့် ပန်းသီး၊ စပျစ်သီးနှင့် ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သော ဧရိယာများလျော့နည်းလာပြီး ယင်းအပင်များအစား သရက်ပင်နှင့် ပင်မှည့်သီးပင်များကို ပြောင်းလဲစိုက်ပျိုးရန် မျက်စိကျလျက်ရှိပါကြောင်း ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ဆေးဖက်ဝင်အပင်များ သိပ္ပံဆိုင်ရာအမျိုးသားအဖွဲ့အစည်း (National Institute of Horticultural and Herbal Science) အောက်ရှိ ရာသီဥတု ပြောင်းလဲမှုနှင့် စိုက်ပျိုးရေးသုတေသနဌာနမှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအရှိဆုံးသော သစ်သီးမှာ ပန်းသီးဖြစ်ကြောင်း၊ ၂၀၇၀ ပြည့်နှစ်တွင် နိုင်ငံ၏ မြောက်ပိုင်းအကျဆုံး ဂန်ဝမ်ပြည်နယ်မှလွဲ၍ ပန်းသီးစိုက်ပျိုးသည့် ဧရိယာအများစု လျော့ကျသွားဖွယ်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ပျမ်းမျှအပူချိန်သည် သုည ဒသမ ၆ ဒီကရီမြင့်မားလာခဲ့ကြောင်း၊ လက်ရှိတွင် နိုင်ငံ၏အပူပိုင်းဧရိယာသည် စုစုပေါင်းမြေဧရိယာ၏ ၆ ရာခိုင်နှုန်းတွင်ရှိနေရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၅ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံ စာတွင် ဖော်ပြထားသည်။

နိုင်ငံတွင်းအပူပိုင်းဒေသ မြင့်မားလာသည်နှင့်အမျှ ရာသီသီးနှံများဖြစ်သည့် ပန်းသီး၊ စပျစ်သီးနှင့် ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သော ဧရိယာအများစုလျော့နည်းသွားမည်ဖြစ်ပြီး ၂၀၉၀ ပြည့်နှစ်တွင် မက်မွန်သီးနှင့် ပန်းသစ်တော်သီးများကို ဂန်ဝမ်ပြည်နယ်မှလွဲ၍ စိုက်ပျိုး၍ရမည်မဟုတ်တော့ကြောင်း၊ အရည်အသွေးကောင်းသော စပျစ်သီးများ စိုက်ပျိုးဧရိယာသည်လည်း ၂၀၇၀ ပြည့်နှစ်မှစ၍ လျော့ကျသွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသူများက အပူဒဏ်ခံနိုင်သည့် သစ်သီးများပြောင်းလဲစိုက်ပျိုးလာကြပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ဂျယ်ဂျူးကျွန်းတွင် ပင်မှည့်သီးများ၊ နဂါးမောက်သီးများနှင့် ငှက်ပျောသီးများ ပြောင်းလဲစိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ သဘော်သီးနှင့် အပူပိုင်းချယ်ရီသီးများကိုလည်း Jeolla နှင့် Gyeongsang ပြည်နယ်များတွင် စိုက်ပျိုးနေကြကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် အပူချိန်ကိုထိန်းညှိပေးသည့် အဆောက်အဦများ (Greenhouses) ကို အသုံးပြုနေရသော်လည်း ယင်းတို့ကို အသုံးပြုရသည့် ကုန်ကျစရိတ်လျော့နည်းလာသည့်အတွက် အဆင်ပြေကြောင်း National Institute of Horticultural and Herbal Science မှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားသည်။

၂၀၂၂ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးနေသူအရေအတွက်သည် ၅၅၆ ဦးအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးနေသူ အရေအတွက်ထက် ၅၀ ရာခိုင်နှုန်းမြင့်မားလာသည့်အပြင် အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးဧရိယာမှာလည်း ၁၈၆ ဒသမ ၈ ဟက်တာအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးသည့်ဧရိယာထက် ၇၀ ရာခိုင်နှုန်း မြင့်မားလာကြောင်း၊ ၂၀၂၂ ခုနှစ်အထိ စာရင်းအရ အဓိကစိုက်ပျိုးနေသောအသီးများမှာ သရက်သီး၊ ပင်မှည့်သီးနှင့် ငှက်ပျောသီးတို့ဖြစ်ကြောင်း၊ အပူချိန်ပိုမိုမြင့်မားလာပါက Greenhouses များ တည်ဆောက်ရန်ပင် လိုအပ်မည်မဟုတ်တော့ကြောင်းကို National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ Source:https://news.koreaherald.com/view.php?ud=20230817000655၊စီးပွားရေးသံမှူး၊ ဆိုးလ်မြို့

Source:https://myantrade.gov.mm/article/Naypyitawstp_250820231132

## တရုတ်နိုင်ငံသို့ တရုတ်-လာအိုရထားလမ်းဖြင့် ကုန်သွယ်မှုအားကောင်းလာခြင်းကြောင့် ထိုင်းဒူးရင်းသီးများ တင်ပို့မှု မြင့်တက်လာ

ယခုနှစ်ပထမ (၅) လတွင် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့မှုသည် (၃၆၅) ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ ထိုသို့တင်ပို့နိုင်ခြင်းမှာ သယ်ယူပို့ဆောင်ချိန် တိုတောင်းသွားခြင်းနှင့် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက်များ၏ အားသာချက်များကြောင့်ဖြစ်သည်ဟု ထိုင်းမီဒီယာများက ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါရထားလမ်းသည် ထိုင်းကုန်ပစ္စည်းများ တရုတ်ဈေးကွက်သို့ဝင်ရောက်ရန် အခွင့်အလမ်းများ ယူဆောင်ပေးသဖြင့် ကုန်းလမ်းဖြင့်အချိန် (၂) ရက်ကြာမြင့်ရာမှ (၁၅) နာရီအောက်သာကြာမြင့်ကြောင်း ထိုင်းနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုစေ့စပ်ညှိနှိုင်းရေးဌာန (Department of Trade Negotiations) မှ ညွှန်ကြားရေးမှူးချုပ် Auramon Supthaweethum ၏ ပြောကြားချက်ကို ကိုးကား၍ Thairath Online မှ ဖော်ပြခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် တရုတ်-လာအိုရထားလမ်း စတင်ဖွင့်လှစ်ချိန်မှစ၍ ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ သစ်သီးဝလံတင်ပို့မှုသည် သိသိသာသာမြင့်တက်လာခဲ့သည်ဟု Auramon မှ ပြောကြားခဲ့ကြောင်း သိရသည်။ လာအိုနိုင်ငံနှင့် ထိစပ်နေသော ထိုင်းနိုင်ငံ အရှေ့မြောက်ဘက်ရှိ ကုန်းတွင်းဆိပ်ကမ်းဖြစ်သည့် Nong Khai မှတစ်ဆင့် တင်ပို့မှုမှာ ထိုင်းဘတ်ငွေ (၁ ဒသမ ၉၆) ဘီလီယံ (အမေရိကန်ဒေါ်လာ ၅၅ သန်း)ရှိကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်တွင် ထိုင်းဘတ် (၉၀ ဒသမ ၄၁)သန်း (အမေရိကန်ဒေါ်လာ ၂ ဒသမ ၅၅ သန်း)ရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းသစ်သီးဝလံများနှင့် အခြားတင်ပို့ရောင်းချမှုများသည် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုဒေသနှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်မှ အထူးအခွင့်အရေးများကို ရရှိခံစားနိုင်ကြောင်း သူမက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသို့ တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် ထိုင်းနိုင်ငံ၏ ကုန်ပစ္စည်းတင်ပို့မှုတန်ဖိုးမှာ ဇန်နဝါရီလမှ မေလအတွင်း ဘတ် (၂ ဒသမ ၈၄) ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၀ ဒသမ ၂၂ သန်း) ဖြစ်ပြီး ယင်းတို့အနက် (၇၂) ရာခိုင်နှုန်းမှာ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးများ တင်ပို့မှုဖြစ်ကြောင်း DTN မှ သိရှိရပါသည်။

Source: www.english.news.cn/20230816/f02a7679d5aa4a56979b720370ac9d25/ c.html

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_180820230330

## အိန္ဒိယအစိုးရသည် ဈေးနှုန်းထိန်းချုပ်နိုင်ရန်အတွက် ကြက်သွန်နီတင်ပို့မှုများအပေါ် အခွန် ၄၀ ရာခိုင်နှုန်းကောက်ခံ

အိန္ဒိယအစိုးရက ကြက်သွန်နီဈေးနှုန်းမြင့်တက်မှုကို ဟန့်တားနိုင်ရန်နှင့် ပြည်တွင်းဈေးကွက်တွင် ဝယ်လိုအား တိုးတက်စေရန်အတွက် ပို့ကုန်အပေါ် အခွန် ၄၀ ရာခိုင်နှုန်းကောက်ခံရန် စနေနေ့တွင် ချမှတ်ခဲ့ကြောင်းနှင့် ယင်းအခွန် ကောက်ခံမှုကို ချက်ချင်းအသက်ဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ သက်ရောက်မှုရှိမည် ဟုဖော်ပြထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံ၊ စားသုံးသူရေးရာဝန်ကြီးဌာန၏ အချက်အလက်များအရ အိန္ဒိယနိုင်ငံတစ်ဝှမ်းလုံး၏ ကြက်သွန်နီပျမ်းမျှ လက်လီဈေးသည် စနေနေ့တွင် တစ်ကီလိုလျှင် ၃၁ ရူပီးရှိပြီး အမြင့်ဆုံးဈေးမှာ တစ်ကီလိုလျှင် ၆၃ ရူပီးနှင့် အနိမ့်ဆုံး တစ်ကီလိုလျှင် ၁၀ ရူပီးဖြစ်ပါကြောင်း၊ ကြက်သွန်နီသည် ခရမ်းချဉ်သီးပြီးနောက် ဈေးနှုန်းမြင့်တက်လာနိုင်သည့် ဒုတိယ အခြေခံစားကုန်ဖြစ်ပြီး လက်လီဈေးနှုန်းသည် လကုန်တွင် တစ်ကီလိုလျှင် ၆၀/၇၀ ရူပီးအထိ ရှိလာနိုင်ကြောင်း ဈေးကွက် စောင့်ကြည့်ရေးအေဂျင်စီတစ်ခုဖြစ်သည့် Crisil က ဩဂုတ် ၄ ရက်တွင် ထုတ်ပြန်သည့် ၎င်း၏အစီရင်ခံစာတွင် သတိပေးထား ကြောင်းသိရသည်။

ယခုလအတွင်း ကြက်သွန်နီဈေးနှုန်းများဆက်လက်မြင့်တက်နေပြီး စက်တင်ဘာလတွင် ဈေးနှုန်းပိုမို မြင့်တက်လာဖွယ် ရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားထားကြောင်း၊ ဗဟိုအစိုးရက ယခင်မှတ်တမ်းများကို ကျော်ဖြတ်ပြီး ၂၀၂၂-၂၃ ခုနှစ်အတွင်း ကြက်သွန်နီအရန်ဝယ်ယူသိုလှောင်မှုအနေဖြင့် တန်ချိန် ၂ ဒသမ ၅ သိန်းကို ဝယ်ယူထားပါကြောင်း၊ နိုင်ငံတွင် ကြက်သွန်နီများအလုံအလောက်ရှိသော်လည်း ယခုနှစ်နွေရာသီ အပူလွန်ကဲမှုကြောင့် အရည်အသွေးမကောင်းသော ကြက်သွန်နီ အမျိုးအစားမြင့်မားလာခြင်းသည် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီများကို ဈေးနှုန်းကြီးမြင့်စေကြောင်း၊ တစ်ချိန် တည်းမှာပင် ကြက်သွန်နီတင်ပို့မှုပမာဏသည် ၆၄ ရာခိုင်နှုန်းခုန်တက်ခဲ့ပြီး ၂၀၂၂-၂၃ တွင် တန်ချိန် ၂၅ ဒသမ ၂၅ သိန်းဖြင့် ခြောက်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ နှစ်စဉ်လက်လီငွေကြေးဖောင်းပွမှုသည် ဖွန်လတွင် ၄ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိရာမှ ဇူလိုင်လတွင် ၁၅ လတာ အမြင့်ဆုံးနှုန်းထားဖြစ်သည့် ၇ ဒသမ ၄၄ ရာခိုင်နှုန်းသို့ သိသိသာသာမြင့်တက်ခဲ့ပြီး ဟင်းသီးဟင်းရွက်နှင့်သီးနှံဈေးများ သိသိသာသာခုန်တက်သွားခဲ့ပါကြောင်း၊ အချက်အလက်များအရ ငါးလအတွင်း ပထမဆုံးအကြိမ်အဖြစ် RBI ၏ ငွေကြေး ဖောင်းပွမှုနှုန်း ၂ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်း ခန့်မှန်းချက်၏ အမြင့်ဆုံးနှုန်းထားကို ကျော်လွန်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဩဂုတ်လအတွင်း စားသောက်ကုန်ဈေးနှုန်းအချက်အလက်များအရ ယခုလအတွင်း ကောက်ပဲသီးနှံနှင့် ပဲမျိုးစုံဈေးနှုန်း များ ဆက်လက်မြင့်တက်နေကြောင်း၊ ခရမ်းချဉ်သီးဈေးနှုန်းသည် မကြာခင်က ပြန်လည်ကျဆင်းသွားသည်ဟု ဖော်ပြထား သော်လည်း ပျမ်းမျှအားဖြင့် ပြန်လည်ဈေးတက်လာနိုင်ကြောင်းနှင့် ကြက်သွန်နီနှင့် အာလူးဈေးနှုန်းများမှာလည်း ဆက်တိုက်မြင့်တက်နေသည်ဟု အိန္ဒိယဗဟိုဘဏ်၏ ဩဂုတ်လစာစောင်တွင် ဖော်ပြထားကြောင်း သိရသည်။

နိုင်ငံတွင် ကြက်သွန်နီများအလုံအလောက်ရှိသော်လည်း ယခုနှစ်နွေရာသီအပူလွန်ကဲမှုကြောင့် ကြက်သွန်နီအများစု၏ အရည်အသွေးကျဆင်းခဲ့သဖြင့် အရည်အသွေးကောင်းမွန်သည့်ကြက်သွန်နီများ ဈေးတက်နေကြောင်း၊ ထို့ပြင် အခြားသော ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းမြင့်တက်မှုသည်လည်း ကြက်သွန်နီဈေးနှုန်းမြင့်တက်ရခြင်း၏ အကြောင်းအရင်းတစ်ခု ဖြစ်သည်ဟု ကုန်သည်များက ပြောကြားကြကြောင်း The Economic Times သတင်းစာက ဖော်ပြထားသဖြင့် အခြေခံ စားသောက်ကုန်များ၏ ဈေးနှုန်းအား ထိန်းချုပ်နိုင်ရေးအတွက် အိန္ဒိယအစိုးရက မူဝါဒများချမှတ်ဆောင်ရွက်နေမှုအခြေအနေကို တင်ပြလိုက်ရပါသည်။

Source: Govt imposes 40% duty on onion exports to check the price rise, The Economic Times, 19 August 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source:https://myantrade.gov.mm/article/STP(Ygn)%20_21082023%20_21:53

## အမေရိကန် – တရုတ် ကုန်သွယ်ရေးတင်းမာမှုများလျှော့ချရန် သဘောတူညီမှုရရှိ

အမေရိကန်နှင့်တရုတ်တို့သည် ကုန်သွယ်ရေးတင်းမာမှုများ လျှော့ချရန် သဘောတူညီမှုရရှိခဲ့ကြောင်း ၂၈-၈-၂၀၂၃ ရက်တွင် The Wall Street Journal အွန်လိုင်းသတင်းတွင် "U.S., China Agree on Steps to Ease Trade Tension" ခေါင်းစဉ်ဖြင့် ဖော်ပြထားသည်။

အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Gina Raimondo သည် ၂၇-၈-၂၀၂၃ ရက်နေ့မှစ၍ တရုတ်နိုင်ငံသို့ (၄)ရက်ကြာ ခရီးစဉ်သွားရောက်ခဲ့ပြီး ယင်းခရီးစဉ်၏ ပထမနေ့တွင် တရုတ်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး Mr. Wang Wentao နှင့် (၄) နာရီကြာတွေ့ဆုံခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အမေရိကန်နှင့်တရုတ်တို့သည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာကိစ္စရပ်များအတွက် ဆက်သွယ်ရေးလမ်းကြောင်းသစ်များထူထောင်ရန်၊ အမျိုးသားလုံခြုံရေးမူဝါဒများအပေါ် နားလည်

မှုလွဲမှားခြင်းကိုလျှော့ချရန် ပို့ကုန်ထိန်းချုပ်ရေးအစီအမံများကိုဆွေးနွေးမည့် နှစ်နိုင်ငံဖိုရမ်တစ်ခုကျင်းပသွားရန် သဘောတူညီခဲ့ကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Gina Raimondo က ပြောကြားခဲ့ပါကြောင်း၊ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Gina Raimondo နှင့် တရုတ်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီး Mr. Wang Wentao တို့ တွေ့ဆုံမှုပြီးနောက် အမေရိကန်နိုင်ငံမှ တရုတ်နိုင်ငံသို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းများ (Semiconductor)နှင့် စက်ပစ္စည်းကိရိယာများ တင်ပို့မှုကို ကန့်သတ်လိုက်ပြီးနောက် ဖြစ်ပေါ်ခဲ့သည့် ကုန်သွယ်မှု ဆိုင်ရာတင်းမာမှုကို လျှော့ချနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

အမေရိကန်-တရုတ်တို့အကြား "ပို့ကုန်ထိန်းချုပ်ရေးဆိုင်ရာသတင်းအချက်အလက်ဖလှယ်မှု"ဆိုင်ရာ နှစ်နိုင်ငံပထမဆုံးအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ပြီး ယင်းသို့ဖလှယ်ရာတွင် အမေရိကန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်ရေးအစီအမံများနှင့် ယင်းအစီအမံများနောက်ကွယ်ရှိ အကောင်အထည်ဖော်လိုသည့် မူဝါဒများနှင့် ကိုက်ညီမှုရှိစေရေး မည်သို့ဆောင်ရွက်ရမည်ကို အမေရိကန်ဘက်မှ ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ ဒရုန်းနှင့် ပတ်သက်သောပစ္စည်းကိရိယာများအပေါ် ကန့်သတ်မှုအသစ်ဖြစ်သည့် ပို့ကုန်ထိန်းချုပ်ရေးအစီအမံများကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရသည်။

အမေရိကန်နှင့် တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးများသည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များအတွက် အဖြေရှာနိုင်ရန်အတွက် အစိုးရကိုယ်စားလှယ်များနှင့် စီးပွားရေးကိုယ်စားလှယ်များပါဝင်သည့် လုပ်ငန်းအဖွဲ့တစ်ခုဖွဲ့စည်းရန် သဘောတူညီခဲ့ကြပါကြောင်းနှင့် ယင်းလုပ်ငန်းအဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်၊ အစောပိုင်းမှစ၍ တစ်နှစ်လျှင် (၂) ကြိမ်ခန့် တွေ့ဆုံသွားမည်ဖြစ်ပါကြောင်း ဖော်ပြထားပါသည်။ ဝန်ကြီး Ms. Gina Raimondo သည် အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် တွေ့ဆုံစဉ် အမျိုးသားလုံခြုံရေးဆိုသည်မှာ အလျှော့အတင်းလုပ်၍ မရသည့်ကိစ္စရပ်ဖြစ်ကြောင်း၊ အမေရိကန်အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် တစ်ကိုယ်ရေသုံးပစ္စည်းများကို တရုတ်ဈေးကွက်သို့ တင်ပို့လိုကြောင်း ဆွေးနွေးခဲ့သည်ဟု သိရှိရသည်။ (စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_300820230938

## အိန္ဒိယနိုင်ငံသည် အနိမ့်ဆုံးဈေးဖြင့် ကမ်းလှမ်းသည့်နိုင်ငံအားလုံးမှ ရေနံများကို ဝယ်ယူမည်

အိန္ဒိယနိုင်ငံသည် ဖြစ်နိုင်သည့်အနိမ့်ဆုံးဈေးနှုန်းဖြင့် ရောင်းချရန်ကမ်းလှမ်းလာသည့်နိုင်ငံအားလုံးမှ ရေနံများကို ဝယ်ယူမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ဖြစ်နိုင်သည့်အနိမ့်ဆုံးဈေးနှုန်းဖြင့် ရေနံရောင်းချရန် ကမ်းလှမ်းလာခဲ့ပါက အိန္ဒိယနိုင်ငံအနေဖြင့် မည်သည့်နိုင်ငံမှမဆို ရေနံများဝယ်ယူမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရရေနံဝန်ကြီး ဟာဒီဆင်းပူရီက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် အိန္ဒိယပြည်တွင်း မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်အတွင်း ယူကရိန်းစစ်ပွဲစတင်ဖြစ်ပွားချိန်မှစ၍ ရုရှားရေနံများကို လျှော့ဈေးဖြင့် ဝယ်ယူခဲ့ရာ လက်ရှိအချိန်တွင် ရုရှားနိုင်ငံမှာ အိန္ဒိယနိုင်ငံအတွက် ထိပ်တန်းရေနံ တင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ တတိယမြောက် ရေနံအများဆုံးတင်သွင်းသူနိုင်ငံနှင့် တတိယမြောက် ရေနံအများဆုံးအသုံးပြုသည့်နိုင်ငံလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံသည် ၎င်း၏ပြည်တွင်းရေနံလိုအပ်ချက် ၈၀ ရာခိုင်နှုန်းကို ပြည်ပရေနံတင်ပို့သူနိုင်ငံများမှ ဝယ်ယူတင်သွင်းနေရခြင်းဖြစ်သည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ ရေနံများဝယ်ယူရာတွင် အမေရိကန်ဒေါ်လာအစား ရူပီးငွေကို သုံးစွဲရန်လည်း စီစဉ်ထားကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

Source: https://myantrade.gov.mm/article/naypyitaw_31082023_300

## ကနေဒါသည် အိန္ဒိယနှင့် ကုန်သွယ်ရေး သဘောတူညီချက်ပြုလုပ်ရန်ကိစ္စကို ခေတ္တရပ်နားထားမည်၊ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်ဖြစ်ဟုဆို

ကနေဒါနိုင်ငံသည် ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံနှင့်နှစ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ ကနဦးသဘော တူညီချက်ကို လက်မှတ်ရေးထိုးရန် ရည်ရွယ်ခဲ့ပြီးနောက် သုံးလအကြာတွင် အိန္ဒိယနှင့်အဆိုပြုထားသော အဆိုပါ ကုန်သွယ်ရေး သဘောတူစာချုပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ခေတ္တရပ်နားထားလိုက်ပြီဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့က မထင်မှတ်ဘဲ ထုတ်ဖော်ပြောကြားခဲ့သည်။

"ကုန်သွယ်ရေးညှိနှိုင်းမှုတွေဟာ ရှည်လျားပြီးရှုပ်ထွေးတဲ့ လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ဘယ်နေရာအထိရောက်ရှိနေပြီလဲဆိုတာသုံးသပ်ဖို့ ခေတ္တရပ်နားထားပါတယ်"ဟု ကနေဒါဝန်ကြီးချုပ် Justin Trudeau ၏

လာမည့်သီတင်းပတ်အတွင်း နယူးဒေလီသို့ လာရောက်မည့်ခရီးစဉ်မတိုင်မီ ကနေဒါအစိုးရ အရာရှိတစ်ဦးက သတင်းထောက်များအားပြောကြားခဲ့သည်။ အဆိုပါ အမည်မဖော်လိုသည့် တာဝန်ရှိသူက အသေးစိတ်အချက်အလက်များကိုမူ ပြောကြားရန် ငြင်းဆိုခဲ့သည်။ ကနေဒါနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ မဟာမင်းကြီး Sanjay Kumar Verma ကလည်း အိုတာဝါ (Ottawa) အနေဖြင့် ပြီးခဲ့သည့်လအတွင်း ယင်းသို့ကုန်သွယ်ရေးဆွေးနွေးမှုကို ခေတ္တရပ်နားရန်ကြိုးပမ်းခဲ့သော်လည်း အကြောင်းရင်းကိုမူ ရှင်းလင်းပြောကြားခဲ့ခြင်းမရှိဟု အတည်ပြုခဲ့သည်။

အိန္ဒိယနိုင်ငံနှင့် ကနေဒါနိုင်ငံတို့သည် အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ယန္တရားစနစ်တစ်ခုအား ချမှတ်ဆောင်ရွက်စဉ် ကုန်သွယ်မှုတိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့ရန် ယခုနှစ်တွင် ကနဦးသဘောတူညီချက်တစ်ရပ်ကို အတည်ပြုရန်ရည်ရွယ်ထားကြောင်း ပြီးခဲ့သည့်မေလက ပြောကြားခဲ့ခြင်းဖြစ်သည်။ နယူးဒေလီသည် လာမည့်သီတင်းပတ်အတွင်း ကျင်းပရန်ရှိသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ တွဲလျက်ဆွေးနွေးပွဲများတွင် ကနေဒါနိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့် နှစ်နိုင်ငံလွတ်လပ်စွာ ကုန်သွယ်မှုကိစ္စရပ်များကို ဆွေးနွေးရန်စီစဉ်ထားကြောင်း ဩဂုတ်လက အိန္ဒိယထိပ်တန်း ကုန်သွယ်ရေးအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ကနေဒါဝန်ကြီးချုပ် Trudeau သည် အဆိုပါ အစည်းအဝေးသို့ တက်ရောက်သွားမည်ဖြစ်သည်။

ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ငါးနှစ်ကြာ ဆိုင်းငံ့ထားခဲ့သော နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီချက်အတွက် ဆွေးနွေးညှိနှိုင်းမှုများကို ၂၀၂၂ ခုနှစ်၊ မတ်လတွင်ပြန်လည်စတင်ခဲ့သည်။ အိန္ဒိယ-ကနေဒါ အစောပိုင်းတိုးတက်မှု ကုန်သွယ်မှုဆိုင်ရာသဘောတူညီချက် (India–Canada Early Progress Trade Agreement, EPTA)ခေါ် စာချုပ်သည် ကုန်စည်၊ ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှု၊ မူလစည်းမျဉ်းများ၊ သန့်ရှင်းရေးနှင့် ဇီဝရုပ်ကြွင်းဆိုင်ရာ အစီအမံများ၊ ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများနှင့် အငြင်းပွားမှု ဖြေရှင်းရေးတို့ကို အကျုံးဝင်စေမည့် စာချုပ်တစ်ခုဖြစ်သည်။

အဆိုပါ အိန္ဒိယ-ကနေဒါ အစောပိုင်းတိုးတက်မှု ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုကို ခေတ္တရပ်နားထားသည်ဟု ကနေဒါဘက်မှ ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်း EPTA သည် ဘက်စုံလွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်၏ ရှေ့ပြေးနိမိတ်တစ်ခုဖြစ်သည်။ အိန္ဒိယ-ကနေဒါ နှစ်နိုင်ငံ ကုန်စည်ကုန်သွယ်မှုသည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံ အထိရောက်ရှိခဲ့ပြီး ၂၀၂၁ နှင့် နှိုင်းယှဉ်ပါက ၂၅ ရာခိုင်နှုန်းခန့် တိုးတက်လာသည်။ အနာဂတ်တွင် တိုးတက်လာဖွယ်ရှိသည့်ကဏ္ဍများမှာ အခြေခံအဆောက်အအုံကဏ္ဍ၊ သက်ရှိသိပ္ပံပညာ၊ သန့်ရှင်းသောစွမ်းအင်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဓာတ်သတ္တုကဏ္ဍနှင့် သဘာဝအရင်းအမြစ်ကဏ္ဍတို့ ဖြစ်ကြောင်း သိရသည်။

“ဒါက ကျွန်တော်တို့ နှစ်နိုင်ငံစလုံးရဲ့ တိုးတက်မှုနဲ့ နောက်ထပ်ခြေလှမ်းတွေကို လှမ်းနိုင်စေမှာပါ”၊ စေ့စပ်ညှိနှိုင်းမှုများ ပြန်လည်စတင်မည့်အချိန်တွင် နှစ်ဦးနှစ်ဘက်သဘောတူညီချက်ဖြင့် ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့် ရင်းနှီးသော အိန္ဒိယအရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ရင်းမြစ်များ၏အဆိုအရ နှစ်ဘက်စလုံးသည် ပင်ရင်းဒေသစည်းမျဉ်းများနှင့် အခွန်အကောက်များဆိုင်ရာ ကိစ္စရပ်များကဲ့သို့ ကိစ္စရပ်များအတွက် ညှိနှိုင်းမှုမရရှိသေးဟု သိရသည်။ “အာဆီယံပြီးလျှင် အိန္ဒိယဟာ ရှင်းရှင်းလင်းလင်းနဲ့ တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေရှိဖို့ စိတ်အားထက်သန်နေပြီး နိုင်ငံတော်တော်များများက အဲဒီအတွက် စိုးရိမ်မှုတွေ ရှိနေပါတယ်” ဟု ကုန်သွယ်ရေး ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ကနေဒါနိုင်ငံအပြင် ယူကေ၊ အီးယူတို့နှင့် ကုန်သွယ်ရေးဆိုင်ရာသဘောတူညီမှုများရရှိရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ဩစတြေးလျနိုင်ငံနှင့် သဘောတူခဲ့သော အစောပိုင်းရိတ်သိမ်းမှု ကုန်သွယ်ရေးသဘောတူညီချက် (Early harvest trade pact) ကို ပိုမိုကြီးမားသော လွတ်လပ်စွာကုန်သွယ်မှုသဘောတူညီချက် (FTA) အဖြစ် တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

ကနေဒါနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဘက်စုံစီးပွားရေး မိတ်ဖက်ဆက်ဆံမှု သဘောတူညီချက် (CEPA) ကို ၂၀၁၀ ခုနှစ်ကတည်းက ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး၊ ညှိနှိုင်းမှုများအတန်ကြာရပ်ဆိုင်းသွားပြီးနောက် ပြီးခဲ့သောနှစ်က ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဆွေးနွေးမှုများကို CEPA ၏ ရှေ့ပြေးနိမိတ်အဖြစ် ရည်ရွယ်ထားသည့် အစောပိုင်းတိုးတက်မှု ကုန်သွယ်ရေးဆိုင်ရာသဘောတူစာချုပ် (EPTA)ကို ဗဟိုပြုထားသည်။ သို့သော် နှစ်နိုင်ငံအကျိုးစီးပွားနှင့်ပတ်သက်၍ ဘုံသဘောတူညီချက်ရရှိရန်ခက်ခဲလျက်ရှိသော အပိုင်းများကျန်ရှိနေသည်ဟုယူဆရသည်။ ထို့ကြောင့် ကနေဒါဘက်မှ အချိန်ယူ၍ ပြန်လည်သုံးသပ်မှုများပြုလုပ်ရန် စဉ်းစားလျက် အဆိုပါဆွေးနွေးမှုများကို ခေတ္တရပ်ဆိုင်းခဲ့ဟန်တူပါသည်။ သို့သော် မကြာမီကာလ

အတွင်း ကျင်းပရန်ရှိနေသည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးပွဲနှင့် တွဲလျက်အစည်းအဝေးများတွင် ၎င်းတို့ နှစ်နိုင်ငံအကြား မည်သို့ဆွေးနွေး ညှိနှိုင်းရရှိမည်ကိုမူ ဆက်လက်စောင့်ကြည့်သွားရန်ဖြစ်သည်။

**ရည်ညွှန်းချက်။**

Economic Times သတင်းဌာန၊ "Canada pauses trade pact talks with India: Government official"၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်။

Reuters သတင်းဌာန၊ "In surprise move, Canada pauses talks on trade treaty with India"၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်။

Source: ကောင်းထွဋ်အောင်-စီးပွားရေးသံမှူး-မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့

## ပြည်တွင်းကုန်သွယ်မှုသတင်း

### SNR ရော်ဘာများ ထုတ်လုပ်ရောင်းချမှုအတွက် အခြေခံလိုအပ်ချက်များ သတ်မှတ်အသုံးချနိုင်ရေး ညှိနှိုင်းဆွေးနွေး

၂၀၃၀ ခုနှစ်တွင် Sustainable Natural Rubber (SNR) Guideline ဖြင့် ထုတ်လုပ်ထားသည့် ရော်ဘာဖြစ်မှသာ နိုင်ငံတကာရော်ဘာဈေးကွက်မှာ နိုင်ငံတကာပေါက်ဈေးဖြင့် ရောင်းချနိုင်မှာဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန် အတွက် မြန်မာ့သဘာဝရော်ဘာထုတ်လုပ်မှုကဏ္ဍမှာ SNR Guideline နှင့်အညီ ထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်။

SNR ရော်ဘာများ ထုတ်လုပ်ရောင်းချနိုင်မှုအတွက် အခြေခံလိုအပ်ချက်များ သတ်မှတ်အသုံးချနိုင်ရေး ညှိနှိုင်းဆွေးနွေး ပွဲကိုမြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း (Myanmar Sustainable Natural Rubber Association) နှင့် Myanmar KOEI International Limited တို့မှ ဦးစီး၍ ရန်ကုန်မြို့ရှိ Summit Park View Hotel ၌ ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ ကုန်သည်စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြပဟန်မှ တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာယုစိန်က မြန်မာ့ရော်ဘာကဏ္ဍ SNR ဖြစ်ရေး အခြေခံလိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။ Myanmar KOEI International Limited မှ အကြံပေးပုဂ္ဂိုလ်များ၊ မြန်မာ့ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လမ်းစဉ်များ၊လိုအပ်ချက်များ၊ သတ်မှတ်ချက်များ ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မြန်မာ့ရော်ဘာကဏ္ဍအတွက် SNR ရော်ဘာထုတ်လုပ်ရေးသည်အရေးကြီး၍ ၂၀၁၆ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂမှ Sustainable Development Goals မူဘောင်တစ်ခုချမှတ်ပြီး အချက် (၁၇)ချက်ပါ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှနေ၍ လိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်အရ World Business Council for Sustainable Development – WBCSD တွင် တာယာကဏ္ဍမှနေ၍ ရော်ဘာကို အသုံးပြုသည့်အတွက် ရော်ဘာစိုက်ပျိုး ထုတ်လုပ်ခြင်းအားဖြင့် သစ်တောပြုန်းတီးမှု Supply Chain တစ်လျှောက် လူအခွင့်အရေး သဘာဝပတ်ဝန်းကျင်ကိစ္စရပ်များကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက လိုက်နာဆောင်ရွက်ဖို့လိုပြီဖြစ်သည့်အတွက် Guideline ကို ချမှတ်ခဲ့သည်။

ဆွေးနွေးပွဲကို (၁၆.၈.၂၀၂၃) မှ (၁၇.၈.၂၀၂၃) ရက်နေ့အထိ နှစ်ရက်တာကာလ ကျင်းပဆွေးနွေးသွားခဲ့ပြီး ပြည်နယ်နှင့် တိုင်းများရှိ ရော်ဘာအသင်းများမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ၊ MSR Crumb စက်ရုံများ နှင့် ပြည်ပသို့ရော်ဘာတင်ပို့သူများ စုံလင်စွာတက်ရောက်ခဲ့ကြသည်။ Source: https://www.umfcci.com.mm/news_

### ကျောက်ဖြူ၌ ဓနိကုန်ကြမ်းကို ခေတ်မီနည်းပညာများဖြင့် ပြုလုပ်၍ ကုန်ပစ္စည်း ၁၀ မျိုးကျော် ထုတ်လုပ်ရောင်းချ

ကျောက်ဖြူမြို့နယ်၌ မြစ်ချောင်းများတွင် သဘာဝအလျှောက် ပေါက်ရောက်နေသည့် ဓနိပင်များနှင့် ခေတ်မီ နည်းပညာများ၊ စက်ကိရိယာများဖြင့် ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ကာ ဓနိနှင့်ဆက်စပ်သော စားသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းမှာ အထူးအောင်မြင်လျက်ရှိပြီး ပြည်ပဈေးကွက် အထိ ထိုးဖောက်ရောင်းချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း MSME လုပ်ငန်းရှင်တစ်ဦးထံက သိရသည်။

"ကျွန်မက ဒီလုပ်ငန်းတွေကို ၂၀၁၈ ခုနှစ်ကတည်းက စတင်ခဲ့တယ်။ ပထမတော့ နေပြည်တော်မှာ အခြေပြုခဲ့တာပါ။ နေပြည်တော် MSME အသင်းဝင် SME အသင်းဝင်တစ်ယောက်အနေနဲ့ မြန်မာပြည်အနှံ့ SME ထုတ်ကုန်ပြပွဲတွေမှာ လိုက်လံ ပြသပြီးတော့ ဒီကုန်ထုတ်လုပ်ငန်းတွေကို လုပ်ကိုင်ခဲ့ပါတယ်။ ဓနိနဲ့ ပတ်သက်ပြီး ဓနိဝိုင်ရယ်၊ ဓနိဖူးလက်ဖက်ခြောက် အပါအဝင် ၁၀ မျိုးကျော်ကို ထုတ်လုပ်နေပါတယ်။ ဆေးဝါးအနေနဲ့ ငါးမျိုးလောက်ကို ထုတ်လုပ်ဖြန့်ချိနေပါတယ်။ အခုလက်ရှိ

ကျောက်ဖြူမြို့မှာ အခြေပြုထုတ်လုပ်နေတာဖြစ်ပြီး တော့ မြန်မာနိုင်ငံအနှံ့အပြား တင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်ပအထိ ဖြန့်ချိသွားဖို့ရှိပါတယ်” ဟု ၎င်းက ပြောသည်။

ယခင်က ဓနိနှင့်ပတ်သက်၍ မိရိုးဖလာဓနိပေါင်းခံရည် ထုတ်လုပ်သော နည်းပညာတစ်ခုကိုသာ သိရှိပြီး လူမှုကွန်ရက် စာမျက်နှာများမှတစ်ဆင့် ကိုရီးယားနှင့် ဂျပန်တွင် အမျိုးပေါင်း ၁၀၀ ကျော်ကို ထုတ်လုပ်ကြောင်း သိရှိသဖြင့် ဘိုးဘွားပိုင် ဓနိတန်းရှိသည့် ရခိုင်ပြည်နယ်သို့ သွားရောက်ကာ သုတေသနပြုထုတ်လုပ်ခြင်းဖြစ်ကြောင်း ပြောသည်။

“ကျွန်မတို့က ဓနိနဲ့ ပတ်သက်ပြီးတော့ စဉ်ဆက်မပြတ် သုတေသနပြုလုပ်ပြီး ထုတ်လုပ်လာနိုင်ခဲ့ပါတယ်။ ဓနိပင် ဓနိတန်းဟာ ဂျင်ဆင်းဓာတ်ထက် ၄၄ ဆပိုစွမ်းတာကို တွေ့ရှိခဲ့ရပါတယ်။ ဓနိဝိုင်ရယ်၊ ဓနိဖူး လက်ဖက်ခြောက်၊ ယို၊ Vinegar အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုးကို ထုတ်လုပ်လာနိုင်ခဲ့ပါတယ်”ဟုပြောသည်။

ရခိုင်ပြည်နယ် MSME အသင်းအနေဖြင့် နည်းပညာတွေကို စဉ်ဆက်မပြတ်ဖြန့်ဝေပေးနေကြောင်း၊ ရခိုင်ပြည်နယ်ရှိ ဒေသခံပြည်သူတွေကို ဓနိနဲ့ပတ်သက်သော လုပ်ငန်းများနှင့်ပတ်သက်၍ နည်းပညာများ ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဓနိပင်မှရရှိသည့် ဓနိဖူးများကို ခုတ်ယူ၍ သင့်တင်သောအရွယ်အစားများ လှီးဖြတ်ကာ သဘာဝနေရောင်ခြည်ဖြင့် အခြောက်ခံရရှိလာသော ဓနိဖူးခြောက်ရည်ကိုသောက်သုံးခြင်းဖြင့် ကင်ဆာ၊ ဆီးချို၊ နှလုံးသွေးကြောဆိုင်ရာ ရောဂါများနှင့် အာရုံကြောဆိုင်ရာရောဂါများအပြင် မျက်စိမှုန်၊ အဆစ်အမြစ်ရောဂါစသော ရောဂါများပျောက်ကင်းစေပြီး မိတ်ကပ်၊ သွားတိုက် ဆေးနှင့် ခေါင်းလျှော်ရည်များ အပါအဝင် ထုတ်ကုန် အမျိုးအစားပေါင်း ၁၀၀ ကျော်ထိ ထုတ်လုပ်နိုင်ကြောင်းသိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### တစ်လအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် ၁၀၇၈၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက် တန်ချိန် ၃၀၀၀ ကျော် တင်ပို့မှုလျော့ကျ

၂၀၂၃ ခုနှစ် ဇူလိုင်လတစ်လအတွင်း ပြည်ပသို့ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ရော်ဘာတန်ချိန် ၁၀၇၈၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လထက် တန်ချိန် ၃၀၀၀ ကျော် တင်ပို့မှုလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၃ ခုနှစ် ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၆ ဒသမ ၃၇၆ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၁၀၀ ကျော်တင်ပို့ခဲ့သည်။ ရော်ဘာတင်ပို့မှုအနေဖြင့် တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၄၃၃၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၄၆၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၂၀၀ ကျော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရော်ဘာ တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

အဆိုပါကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဒေါ်လာ ၆ ဒသမ ၉၆၂ သန်း တန်ဖိုးရှိ ရော်ဘာတန်ချိန် ၅၆၈၀ ကျော် တင်ပို့သည်။ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်မှုနည်းလမ်းနှစ်သွယ်မှ ရော်ဘာတင်ပို့မှုတန်ချိန် ၁၀၇၈၀ ကျော်ရှိပြီး တန်ဖိုး ဒေါ်လာ ၁၃ ဒသမ ၃၃၈ သန်းရရှိကြောင်း သိရသည်။ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၃၀၀၀ကျော် လျော့နည်း တင်ပို့ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်း ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၅ သန်းနီးပါးပိုမိုတင်ပို့ခဲ့သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ဖြစ်သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်အထိ ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှဒေါ်လာ ၄၄၉ ဒသမ ၁၀၂ သန်းရရှိခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရော်ဘာစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၆၄ ဒသမ ၄၄၂ သန်းရရှိခဲ့သည်။ အဆိုပါ ကာလတူနှစ်ခုကို နှိုင်းယှဉ်ပါက၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယခင်ဘဏ္ဍာနှစ်ထက် ဒေါ်လာ ၁၈၄ ဒသမ ၆၆၀ သန်းပိုမိုရရှိခဲ့သည်။

ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်းဒေသများအနက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံး စိုက်ပျိုးသည့် ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့ တင်ပို့၍ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရော်ဘာကို တရုတ်သို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယ စသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

ကမ္ဘာ့ရော်ဘာဈေးကွက်တွင် နိုင်ငံတကာပေါက်ဈေးဖြင့် ရောင်းချနိုင်ရေးအတွက် မြန်မာ့ရော်ဘာထုတ်လုပ်မှုကို Sustainable Natural Rubber (SNR) Guideline နှင့်အညီ ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ကုန်သည်စက်မှုအသင်းချုပ်မှ သိရသည်။ Source:https://news-eleven.com/article/252418

## တရုတ်ဝယ်လိုအားများခြင်းကြောင့် တစ်လအတွင်း နှမ်း တစ်တင်းဈေး ကျပ် လေးသောင်းတက်

ပြည်တွင်းနှမ်းဈေးကွက်တွင် ယခုလအတွင်း တရုတ်ဝယ်လိုအား များနေခြင်းကြောင့် နှမ်းမျိုးစုံ တက်ဈေးဘက်တွင်ရှိနေပြီး ဈေးကောင်းရနေကြောင်း နှမ်းကုန်သည်များထံမှ သိရသည်။ တရုတ်ဝယ်လိုအား ဆက်တိုက်ရှိနေသည့် မန္တလေးနှမ်းမျိုးစုံဈေးကွက်တွင် နှမ်းဖြူ ထိပ်စသုံးတင်းဝင်တစ်အိတ်လျှင် ၃၉၀၀၀၀ ကျပ်မှ ၄၁၀၀၀၀ ကျပ်၊ ဂျပန် နှမ်းဖြူ သုံးတင်းဝင်တစ်အိတ်လျှင် ၄၂၀၀၀၀ ကျပ်မှ ၄၃၀၀၀၀ ကျပ်အကြား ရှိနေခြင်းဖြစ်သည်။

ထို့ပြင် နှမ်းနီနှင့် နှမ်းညိုဈေးမှာ သုံးတင်းဝင် တစ်အိတ်လျှင် ၃၃၀၀၀၀ ကျပ် ရှိပြီး ယခုလအတွင်း တစ်အိတ်လျှင်ငွေကျပ် လေးသောင်းခန့် ဈေးတက်လာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်မှသိရသည်။ “တစ်အိတ်ကို ကျပ် ၃၄၀၀၀၀၊ ၃၅၀၀၀၀ လောက်ကတည်းက တက်လာတာ ကျလာတာကို မရှိသေးဘူး။ အခု တရုတ်ဝယ်လက်များနေလို့ ကျဖို့အလားလာမရှိဘူး။ ထပ်တက်ဖို့ အလားအလာပဲရှိတယ်။ တရုတ်နိုင်ငံက ထွက်သမျှဆွဲနေတာ တစ်ခါတစ်လေ ဝယ်လိုအား၊ ရောင်းလိုအားတောင်မမျှဘူး။ ပစ္စည်းဝယ်ချင်တဲ့သူများပြီး ပစ္စည်းကမရှိ ဖြစ်နေတာ” ဟု မန္တလေးမြို့ ဝင်းပွဲရုံမှ တာဝန်ခံ ကိုရဲမိုးကပြောသည်။

ယခုလအစတွင် နှမ်းဈေးများ တစ်ဖြည်းဖြည်းမြင့်တက်လာပြီး တရုတ်နိုင်ငံဝယ်လိုအားကြောင့်လည်း တစ်တင်းလျှင်လေးသောင်းခန့်မြင့်တက်လာခြင်းဖြစ်ကြောင်း ကိုရဲမိုးကပြောသည်။ မန္တလေး နှမ်းမျိုးစုံဈေးကွက်တွင် နှမ်းနီ၊ နှမ်းညိုထွက်ရှိသည့် အညာဘက်တွင် စိုက်ပျိုးမှုနည်းခြင်းကြောင့် နှမ်းနက်၊ နှမ်းညို အဝင်နည်းကြောင်း၊ နှမ်းနက်မှာလည်းပစ္စည်းရှားပါးမှုကြောင့် အရောင်းအဝယ်အေးနေပြီး နှမ်းအဖြူတစ်ခုတည်းသာ အရောင်း ဝယ်သွက်ခြင်းဖြစ်သည်။

နှမ်းဖြူမှာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘို၊ ဝက်လက်မြို့နယ်တို့မှ ထွက်ရှိနေပြီး မန္တလေးနှမ်းမျိုးစုံ ဈေးကွက်တွင် ဝင်ရောက်နေကြောင်း သိရသည်။ မကွေးမြို့ နှမ်းဈေးကွက်တွင် နှမ်းစပေါ်ကတည်းက ဈေးတက်လာပြီး နှမ်း ၁၅ ပိဿာ တစ်တင်းလျှင် တစ်ပတ်အတွင်း ၁၃၅၀၀၀ ကျပ်မှ ၁၄၀၀၀၀ ကျပ်သို့တက်လာခြင်းဖြစ်သည်။ “စပေါ်ကတည်းက တက်လာတာ။ အခုတော့ နှစ်ထောင် ကျပ်ကျသွားတယ်။ ပစ္စည်းပေါ်ချိန်ဆိုတော့ မကွေးဘက်မှာ အလုပ်ရှုပ်ကြတယ်”ဟု မြင့်မြတ် တော်ဝင်ပွဲရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မေလ ၁၄ ရက်တွင် တိုက်ခတ်ခဲ့သော မိုခါမုန်တိုင်းကြောင့် နှမ်းစိုက်ခင်းများရေမြုပ်ခဲ့သည့်သတင်းဖြင့် တရုတ်ကုန်သည်များ ဆက်တိုက်ဝယ်ယူရာကနေ အက်ဆစ်လွတ် နှမ်းနက် ၄၅ ပိဿာ တစ်အိတ်လျှင် ၂၅၀၀၀၀ နှင့် ၂၆၀၀၀၀ ကျပ်ရှိရာမှ သုံးသိန်းကျပ်ကျော်သို့ ဈေးတက်လာခြင်းဖြစ်ပြီး ယခုလေးသိန်းကျပ်ကျော်သို့ တက်လာခြင်းဖြစ်သည်။ နှမ်းစိုက်ပျိုးသီးနှံကို အပူပိုင်းဒေသများဖြစ်သည့် မြန်မာနိုင်ငံအလယ်ပိုင်း မကွေး၊ စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြသည်။ ဆီထွက်သီးနှံ စုစုပေါင်း စိုက်ဧက ၅၁ ဒသမ ၃ သန်းအနက် နှမ်းစိုက်ဧက စုစုပေါင်း ဆီထွက်သီးနှံ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိပြီး စိုက်ဧက အများဆုံးဖြစ်သည်။ Source: Awba

Source: https://myantrade.gov.mm/article/naypyitaw_18082023_313

## တယ်ဟုန်-မြန်မာ ပူးပေါင်းဆောင်ရွက်မှုမှ ကော်ဖီလုပ်ငန်းများ တိုးတက်နိုင်မည်

မြန်မာနိုင်ငံရှိ ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ်ခွဲနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ မကြာသေးမီရက်ပိုင်းအတွင်းက နားလည်မှု စာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ်ခွဲသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး လုပ်ဆောင်နေသလို သစ်ပင်သစ်တောများနှင့် သဘာဝအခြေခံသည့် ခရီးသွားလာရေးကို ဖော်ဆောင်နေသည့် ဒေသလည်းဖြစ်သည်။ စိုက်ပျိုးရေးကိုလည်း အလေးထား လုပ်ဆောင်နေသလို ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝရာ ဒေသလည်းဖြစ်ပြီး ယူနန်ပြည်နယ်အတွင်း၌ တည်ရှိကာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းနီးစပ်လျက်ရှိရာ ဒေသလည်းဖြစ်သည်။

ကော်ဖီဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ကြမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မကြာသေးမီက မြန်မာနိုင်ငံအခြေစိုက် တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ ကူးသန်းရောင်းဝယ်မှုစီးပွားရေးအသင်း၊ ကိုယ်စားလှယ်ရုံးက မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ရန်ကုန်ကိုယ်စားလှယ်ရုံးတွင် စာချွန်လွှာလက်မှတ်ရေးထိုးကြခြင်းလည်း ဖြစ်သည်။

မြန်မာ့ကော်ဖီမှာလည်း အရည်အသွေးများ ယခင်ထက် ပိုမိုကောင်းမွန်လာမှုနှင့်အတူ ထုတ်လုပ်မှု အပိုင်းတွင်လည်း ခေတ်မီနည်းစနည်းများအသုံးပြုလာပြီး နိုင်ငံတကာဈေးကွက်သို့ စတင်ထိုးဖောက်မှုများရှိလာခဲ့သည်။ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းမှာ ၁၈၈၅ ခုနှစ်လောက်က စတင်၍ ရောက်ရှိလာကြောင်းကို Director of Agriculture Burma Office Research ဖော်ပြထားခြင်းကြောင့်လည်း မြန်မာ့ကော်ဖီသမိုင်းသည် ၁၈၈၅ ခုနှစ်မှ စတင်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုစဉ်က တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်နှင့် ထားဝယ်ခရိုင်များတွင် သစ်တောဌာနမှဦးစီးကာ စမ်းသပ်ကော်ဖီခြံနှစ်ခြံ တည်ထောင်ခဲ့ဖူးသလို တစ်ချိန်တည်း၌ ကရင်ပြည်နယ်တွင်လည်း ကော်ဖီခြံတစ်ခြံ တည်ထောင်ခဲ့ဖူးကြောင်း မှတ်တမ်းများ၌ ဖော်ပြထားသည်။

ထိုစဉ်အခါက ကျွမ်းကျင်အလုပ်သမားများရှားပါးခြင်း၊ ကော်ဖီပင်များတွင် အပင်ပိုးမွှားဆိုင်ရာ ရောဂါများကြောင့် ယင်းကော်ဖီခြံများကို ပိတ်လိုက်ကြရသည်။ ထိုမှ ကရင်ပြည်နယ် သံတောင်ဒေသနှင့် တောင်ငူဒေသရှိ ကရင်တိုင်းရင်းသားများသည် မိမိတို့ နေအိမ်ခြံဝင်းများအတွင်း ကော်ဖီကို အနည်းအကျဉ်းစိုက်ပျိုးကြရာမှ တဖြည်းဖြည်း စိုက်ပျိုးသူများလာသလို တောင်ငူကော်ဖီဟုပင် ထင်ရှားခဲ့ဖူးကြောင်း၊ တောင်ငူနှင့် သံတောင်ဒေသများမှတစ်ဆင့် ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ရွာငံဒေသများ၊ ကချင်ပြည်နယ် မြစ်ကြီးနားဒေသ၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ဒေသ စသည်တို့ဘက်သို့ ကော်ဖီစိုက်ပျိုးမှု လုပ်ငန်းများ ပျံ့နှံ့လာခဲ့သည်။

ထိုစဉ်အချိန်က ကော်ဖီစိုက်ပျိုးမှုမှာ ဒေသသုံး တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှု အဆင့်မျှသာဖြစ်ခဲ့ပြီး စီးပွားဖြစ် စိုက်ပျိုးမှုမှာ ၁၉၃၀ ပြည့်နှစ်လောက်တွင် နောင်ချိုမြို့နယ်၊ ချောင်းကွေ့ကျေးရွာအနီး စကော့တလန်လူမျိုးတစ်ဦးတည်ထောင်ထားသည့် ရှမ်းတောင်တန်း ကော်ဖီစိုက်ပျိုးရေးခြံမှ စတင်ခဲ့သည်ဟူ၍လည်း ဆိုထားကြသည်။

နောက်ပိုင်းတွင် နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အခြေအနေအကြောင်းများစွာကြောင့်လည်း တိုးတက်မှုများသိပ်မရှိဘဲ ၁၉၉၀ ပြည့်လွန်နှစ်များမှစတင်ကာ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းများမှာ ပြည်တွင်းတွင် ပြန်လည်၍ အရှိန်ကောင်းလာခဲ့ကြသည်။ လက်ရှိတွင်လည်း မြန်မာ့ကော်ဖီသည် ပြည်ပနိုင်ငံများသို့ ပုံမှန်တင်ပို့နေရပြီး ဈေးကွက်ချဲ့ထွင်မှုများကို လုပ်ဆောင်လာခဲ့သည်။ ကော်ဖီဈေးကွက်မှာ ပြည်ပဈေးကွက် အလားအလာကောင်းလာမှုနှင့်အတူ ဈေးကွက်တစ်လျှောက် လုပ်ကိုင်နေသည့် စိုက်ပျိုးသူများအတွက်ပါ အကျိုးကျေးဇူးများ ဖန်တီးပေးစွမ်းနိုင်လာခဲ့သည်။

မြန်မာနိုင်ငံအတွင်းလက်ရှိ ကော်ဖီစိုက်ပျိုးနိုင်သော မြေယာနေရာများရှိသည့်အနက် ၆၀ ရာခိုင်နှုန်း လောက်သာ စိုက်ပျိုးထားလျက်ရှိခြင်းကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနက လုပ်ကိုင်လိုသူများကို ဖိတ်ခေါ်ကာ အစီအစဉ်ဆွဲ လုပ်ဆောင်နေကြသည်။ ထို့ပြင် ဇုန်သုံးဇုန်ခွဲ၍လည်း ကော်ဖီဧက သုံးသိန်းကို တိုးချဲ့စိုက်ပျိုးသွားရန် စီစဉ်မှုများရှိနေသည်။

မြန်မာနိုင်ငံတွင် ကော်ဖီကို လက်ရှိကာလ၌ ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး ဧကပေါင်း ၂၇၀၀၀ ဧက စိုက်ပျိုးထားသလို ဒုတိယအများဆုံးအဖြစ် ကရင်ပြည်နယ်တွင် ဧကပေါင်း ၁၀၀၂၉ ဧက၊ တတိယ အများဆုံးအဖြစ် မန္တလေးတိုင်းဒေသကြီးတွင် ဧက ၅၀၀၀ ကျော် စိုက်ပျိုးထားခြင်းဖြစ်သည်။ တစ်နိုင်ငံလုံးတွင် ကော်ဖီစိုက်ဧကပေါင်း ၄၉၀၀၀ ကျော်သာရှိနေသည်။ ထို့ကြောင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်မြင့်မားအောင် လုပ်ဆောင်ရန် စီစဉ်ထားကြခြင်းလည်း ဖြစ်သည်။

တရုတ်နိုင်ငံ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ ကူးသန်းရောင်းဝယ်မှုစီးပွားရေးအသင်း၊ ကိုယ်စားလှယ်ရုံးနှင့် မြန်မာနိုင်ငံက ကော်ဖီအသင်းတို့ သဘောတူလက်မှတ်ရေးထိုးလိုက်သော နားလည်မှုစာချွန်လွှာအရ ပြည်တွင်းတွင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် မြို့များတွင်လည်းကောင်း၊ တရုတ်နိုင်ငံရှိ မန်စီ၊ ရွှေလီ စသည့် ဒေသများတွင်လည်းကောင်း ကော်ဖီနှင့် ပတ်သက်သည့်ပြပွဲများကို ပြုလုပ်သွားရန် စီစဉ်ထားကြသည်။ ထိုပြပွဲများအတွင်းတွင် နှစ်နိုင်ငံမှ ထုတ်လုပ်သည့် ကော်ဖီထုတ်ကုန်များကို ခင်းကျင်းပြသခြင်းများ၊ ကော်ဖီထုတ်လုပ်သည့် စက်ပစ္စည်းများ၊ စက်ကိရိယာများကိုပြသမှု လုပ်ငန်းများကိုလည်းကောင်း၊ မျိုးကောင်းမျိုးသန့်မြှင့်တင်သည့် လုပ်ငန်းများနှင့် အခြေအနေကို ခင်းကျင်းပြသမှုများကိုလည်းကောင်း၊ လေ့လာသုတေသနများပြုလုပ်၍ ရရှိထားသော သိပ္ပံနှင့်နည်းပညာဆိုင်ရာ ရလဒ်အခြေအနေများကို ပြသခြင်း များလည်း လုပ်ဆောင်သွားကြမည်ဖြစ်သည်။ ထို့ပြင် ကော်ဖီလုပ်ငန်းများအပေါ် ဝန်ဆောင်မှုပေးမည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ အခြောက်ခံလုပ်ဆောင်မှု၊ ကုန်ချောထုတ်လုပ်မှု၊ စက်ကိရိယာအသုံးချမှု စသည့်လုပ်ငန်းတစ်လျှောက် ကော်ဖီလုပ်ငန်းနည်းပညာဆိုင်ရာ မွမ်းမံသင်တန်းများကျင်းပ၍ ကော်ဖီယဉ်ကျေးမှုကို ပိုမိုခိုင်မာတိုးတက်ရန် လုပ်ဆောင်ကြမည် ဖြစ်သည်။ ထို့ပြင် ဒေသတွင်းရှိ ကော်ဖီလုပ်ငန်းများကို မြှင့်တင်ပေးခြင်းများဖြင့်လည်း ကော်ဖီလုပ်ငန်းမှတစ်ဆင့် လူမှုဘဝ

ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို အများပြည်သူတို့မှ နားလည်လာစေရန်ဆောင်ရွက်၍ ဒေသတွင်း နာမည်ကျော်မည့် ကော်ဖီအမှတ်တံဆိပ်မျိုး ဖြစ်လာစေရန်လည်း ပျိုးထောင်မှုများဖြင့် စီစဉ်ထားလျက်ရှိသည်။

နှစ်နိုင်ငံမှ ကော်ဖီလုပ်ငန်းရှင်များ စုစည်း၍လည်း စီးပွားရေးဆွေးနွေးပွဲများ ကျင်းပပြီး တရုတ်နှင့် မြန်မာနှစ်နိုင်ငံကော်ဖီထွက်ကုန်များ၊ ကော်ဖီကုန်ချောထုတ် စက်ပစ္စည်းများ၏ ကုန်သွယ်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုဆိုင်ရာ တိုးမြှင့်ခြင်းများဆောင်ရွက်၍ ကော်ဖီလုပ်ငန်းအပေါ် နှစ်ဖက်အစိုးရ၏ အားပေးထောက်ခံမှုများတိုးမြှင့်လာစေရန်လည်းရည်ရွယ်ထားကြသည်။

ကမ္ဘာ့ဈေးကွက်တွင်လည်း အနံ့အရသာနှင့် အရည်အသွေးပိုင်း၌ ထိပ်တန်းအဖြစ် ရောက်ရှိနေသည့် မြန်မာ့ကော်ဖီ၏ အရည်အသွေးပိုင်းကို ဂျာမနီစစ်တမ်းတစ်ခု၌ အခိုင်အမာထုတ်ပြန်ထားပြီးဖြစ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၇၅ နိုင်ငံခန့်မှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့မှုကို ဆောင်ရွက်နေပြီး ယင်းနိုင်ငံများအနက်တွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ကော်ဖီထုတ်လုပ်တင်ပို့မှုတွင် အလားအလာကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံက စိုက်ပျိုးထုတ်လုပ်သူများသာမက ရေမြေအခြေခံကောင်းများနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ပိုင်ဆိုင်ထားသည့် တယ်ဟုန်ပြည်နယ်ခွဲမှ ဒေသခံ များလည်း အကျိုးရှိမည် ဖြစ်သည်။

ယခုလို နှစ်နိုင်ငံမှ လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ခြင်းများဖြင့် အပြန်အလှန်ရင်းနှီးမြှုပ်နှံမှုများလည်း တိုးမြှင့်ကာ ပိုမိုခိုင်မာသော နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများနှင့်အတူ အောက်ခြေစိုက်ပျိုးသူများအထိ အကျိုးရလဒ်ကောင်းများ ပေးစွမ်းနိုင်တော့မည်ဖြစ်သည်။ Source : Opinion Leaders

Sourse: Commercial News

## မြန်မာနိုင်ငံမှ ထွက်ရှိသည့်ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှ ဝယ်ယူရန် Hybrid စနစ်ဖြင့် တွေ့ဆုံဆွေးနွေး

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ထောပတ်သီးများကို ဘာရိန်းနိုင်ငံမှ ဝယ်ယူရန်အတွက် အိန္ဒိယအခြေစိုက် Riyara ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MAVO)မှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့၊ မြန်မာစီးပွားရေးသံမှုး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့ (နေပြည်တော်)နှင့် ရှမ်းပြည်နယ်ဦးစီးမှုးရုံးတို့မှ တာဝန်ရှိသူများသည် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ တွင် Hybrid ဖြင့် စီးပွားရေးတွေ့ဆုံဆွေးနွေးမှုကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စီးပွားရေးတွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံမှ ထောပတ်သီးများကို ပြည်ပဈေးကွက်ရရှိပြီး ပိုမိုတိုးချဲ့တင်ပို့နိုင်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်ခဲ့ပြီး ဘာရိန်းနိုင်ငံ Riyara ကုမ္ပဏီမှ ၎င်းတို့နိုင်ငံအတွင်းရှိ လက်လီအရောင်းဆိုင်များ၌ ရောင်းချလို၍ မြန်မာနိုင်ငံမှထောပတ်သီးများကို ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားပြီး တင်သွင်းနိုင်ရန်အတွက် ထုတ်လုပ်မှုပမာဏ၊ အရည်အသွေး၊ အသိအမှတ်ပြုလက်မှတ်များ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းနှင့် ထုတ်ကုန်သက်တမ်း(Shelf Life) အခြေအနေများကိုမေးမြန်းကြပြီး မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(MAVO)မှ တာဝန်ရှိသူများက Global GAP လက်မှတ်ရရှိထားသည့် ထောပတ်ခြံများ၊ အရည်အသွေးစစ်ဆေးထားသည့် ထောက်ခံချက်များ၊ တင်ပို့နိုင်မည့် ပမာဏများနှင့် လက်ရှိတင်ပို့နေသည့် ဈေးကွက်အခြေအနေတို့ကို တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုအရ လာမဲ့အောက်တိုဘာလလယ်တွင် ထောပတ်သီးနှင့် ထောပတ်သီးအဆီ နမူနာများကို ပေးပို့သွားမှာဖြစ်ပြီး လိုအပ်သည်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အိန္ဒိယနိုင်ငံ ကော်လ်ကတ္တားမြို့၊ မြန်မာစီးပွားရေးသံမှုးတို့မှ ဆက်လက်ကူညီ ဆောင်ရွက်သွားမှာဖြစ်ကြောင်းသိရသည်။

Source: စာဝင်းကျော်- မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ (ရှမ်း/တောင်)

## ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် ထိုင်းနိုင်ငံ၊ Tak ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့တွေ့ဆုံ

ဧရာဝတီတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ၊ Tak ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုအသင်းမှ ကိုယ်စားလှယ်များသည် ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၅) ရက်နေ့ ညနေ (၃)) နာရီတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ Royal Ayar ကုမ္ပဏီ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးပွဲ တစ်ရပ်ကျင်းပပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံဘက်မှ ARCCI အသင်း ဥက္ကဋ္ဌ၊ မွန်ပြည်နယ် CCI အထွေထွေ အတွင်းရေးမှုး၊ ARCCI အသင်း၏ အထွေထွေအတွင်းရေးမှုး၊ ဘဏ္ဍာရေးမှုး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှုးရုံး တာဝန်ခံနှင့် ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး ညွှန်ကြားရေးမှုး၊ စီမံကိန်းဌာန ညွှန်ကြားရေးမှုး၊ tak ခရိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ကိုယ်စားလှယ်များ စုစုပေါင်း (၁၀)ဦး တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံပွဲတွင် ARCCI အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ ထိုင်းနိုင်ငံဘက်မှ Tak ခရိုင် ကုန်သွယ်ရေးရာရုံး၏ ညွှန်ကြားရေးမှူး Ms. Parichart Pongpuntao မှလည်း (Virtual) စနစ်ဖြင့်တက်ရောက်ကာ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါ သည်။ ထို့နောက် Tak ခရိုင် CCI အသင်း ကိုယ်စားလှယ် Mr. Pongchai Tonarunchai နှင့် မွန်ပြည်နယ် CCI အထွေထွေအတွင်းရေးမှူး ဦးနေဇော်အောင်တို့က LIMEC (The Laung Prabang – Indochina – Mawlamyine Economic Corridor) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ Corridor တစ်လျှောက်ဆက်စပ်လျက် ရှိသောဒေသများအချင်းချင်း စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် နယ်စည်းမခြား ပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများနှင့်လည်း ချိတ်ဆက်ဆောင်ရွက် သွားရန်အစီအစဉ်ရှိကြောင်း ပြောကြားကာ Tak ခရိုင် အတွင်းရှိ ကုမ္ပဏီများမှ ထုတ်လုပ်သော လယ်ယာသုံးစက်ကိရိယာများ၊ လူသုံးကုန်၊ စားသောက်ကုန်များကို မိတ်ဆက် ပြသကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်၊ ကုမ္ပဏီများထံမှ ငှင်းထုတ်ကုန်များကို တင်သွင်းဖြန့်ဖြူးရန် စိတ်ဝင်စားသူများ၊ ၎င်းထုတ်ကုန်များအတွက်လိုအပ်သော ကုန်ကြမ်းများကို ထိုင်း နိုင်ငံသို့တင်ပို့ ရောင်းချ ရန် စိတ်ဝင်စားသောသူများအား ဖိတ်ခေါ်ပါကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၅ ရက်နေ့အတွင်း နှစ်ဘက် လုပ်ငန်းရှင်များအတွက် online virtual စနစ်ဖြင့် Business Matching ပြုလုပ်နိုင်ရန်စီစဉ်ထားကြောင်း ရှင်းလင်း ဆွေးနွေးပါသည်။

ARCCI အသင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကို Business Matching တက်ရောက်နိုင်ရန် စီစဉ်ထားမည်ဖြစ်ကြောင်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ တိုင်းဒေသကြီး ဦးစီးမှူးရုံး တာဝန်ခံက ဧရာဝတီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ ပဲပုပ်တင်ပို့ရောင်းချနိုင်ရန် အလားအလာတို့ကို ပြန်လည် ဆွေးနွေးကာ တွေ့ဆုံပွဲကို ညနေ ၅ နာရီ ၃၀မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

Source: ရောကုန်သွယ်မြှင့်

## အထူးဆောင်းပါးများ

### ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှစ်ပတ်လည်အစီရင်ခံစာ– ၂၀၂၃ (WTO ANNUAL REPORT 2023) အား ထုတ်ပြန်ခဲ့ခြင်း

၂၀၂၃ခု နှစ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာ (WTO Annual Report 2023) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သည်။ အဆိုပါအစီရင်ခံစာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် အစောပိုင်းကာလ အတွင်းကဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များဖြစ်သည့် ၁၂ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC12) နှင့်ရာသီဥတုပြောင်းလဲမှု၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၊ စားနပ်ရိက္ခာဖူလုံရေးအပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့ကဖြေရှင်း ဆောင်ရွက်မှုများအား ကဏ္ဍအလိုက် အသေးစိတ်ဖော်ပြထားသည်။

**ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းခြင်းကဏ္ဍ**တွင် ၂၀၂၂ ခုနှစ်၊ ဇွန်လအတွင်း ကျင်းပခဲ့သော ၁၂ ကြိမ်မြောက် ဝန်ကြီးများ အဆင့်ညီလာခံ (MC12) မှ စားနပ်ရိက္ခာဖူလုံရေးနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ရောဂါတို့နှင့်စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်သည့် ဆုံးဖြတ်ချက်များ၊ အန္တရာယ်ရှိသော ငါးလုပ်ငန်းအထောက်အပံ့ပေးမှုများကို ဟန့်တားခြင်း ဆိုင်ရာသဘောတူညီချက်အပါအဝင် အရေးကြီးသော ရလဒ်များ ထွက်ပေါ်ခဲ့သည်။

အဆိုပါရလဒ်များကို အကောင်အထည်ဖော်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အား ပြုပြင် ပြောင်းလဲရေး၊ ငါးလုပ်ငန်းအထောက်အပံ့ပေးမှုအပေါ် (ဒုတိယအကျော့) ညှိနှိုင်းဆွေးနွေးရေးတို့ကို အဖွဲ့ဝင်နိုင်ငံများက အလေး အနက်ထားသကဲ့သို့ ညွှန်ကြားရေးမှူးချုပ် Okonjo-Iweala က သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအားပေးသည့် နည်းပညာ များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ဒီဂျစ်တယ်ကူးသန်း ရောင်းဝယ်ခြင်းနှင့် အားလုံးပါဝင်နိုင်မှုတို့ကို အဓိကထား ဆောင်ရွက်သင့် ကြောင်း တိုက်တွန်းလျက်ရှိသည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အထွေထွေကောင်စီက ၁၃ ကြိမ်မြောက် ဝန်ကြီးများအဆင့်ညီလာခံ (MC 13) ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့၌ ကျင်းပပြုလုပ်ရန် သဘောတူညီခဲ့သည်။ MC 13 ၌ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အောက်မှ အငြင်းပွားမှုပြဿနာများကို ဖြေရှင်းခြင်းအပါအဝင် လက်တွေ့ကျသော ရလဒ် များ ထွက်ပေါ်လာစေရန် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် **ကုန်သွယ်မှုဆိုင်ရာ လေ့လာစောင့်ကြည့်ခြင်းကဏ္ဍ**တွင် ကိုဗစ်-၁၉ရောဂါရှာဖွေရေးနှင့် ကုသနည်းနှင့်စပ်လျဉ်းသည့် MC 12 ဆုံးဖြတ်ချက်အပေါ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲလျက်ရှိရာ ရလဒ်ထွက်နိုင်သည်အထိ ဆက်လက်ဆွေးနွေးသွားရန် အထွေထွေကောင်စီက ဆုံးဖြတ်ခဲ့သည်။

ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ရောဂါအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တုံ့ပြန်မှုနှင့် ယူကရိန်းပဋိပက္ခ၏ အကျိုးဆက်များ အပါအဝင် ကုန်သွယ်မှုကိစ္စရပ်များကိုဖြေရှင်းရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အထွေထွေကောင်စီကအရေးကြီးသော စင်မြင့်တစ်ခု အဖြစ် ဆက်လက်ရပ်တည်ဆဲဖြစ်သည်။

အထွေထွေကောင်စီဥက္ကဋ္ဌအနေဖြင့် ညွှန်ကြားရေးမှူးချုပ်နှင့် ကဏ္ဍအလိုက် ကော်မတီ/ကောင်စီများ၏ ဥက္ကဋ္ဌများနှင့် ပူးပေါင်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များကတင်ပြလာသည့် e-commerce နှင့်ပတ်သက်၍ နည်းပညာကွာဟမှုကို ပေါင်းကူးရန်လိုအပ်ခြင်း၊ ပြီးပြည့်စုံသောဥပဒေနှင့် စည်းမျဉ်းမူဘောင်၏ အရေးပါမှုနှင့် အကောင်းဆုံးအလေ့အကျင့်များကို မျှဝေခြင်း၏ အကျိုးကျေးဇူးများအပေါ် အဓိကထားဆွေးနွေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးကော်မတီမှ MC 12 တွင်ချမှတ်ခဲ့သော ကြေညာချက်ကို လိုက်နာဆောင်ရွက်ရာတွင် အားနည်းသောနိုင်ငံများ၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြေရှင်းရန်အတွက် လုပ်ငန်းအစီအစဉ်တစ်ခုကို စတင်ဆောင်ရွက်ခဲ့သည်။

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များသည် စားနပ်ရိက္ခာဖူလုံရေး၊ ယူကရိန်းပဋိပက္ခနှင့် ကိုဗစ်-၁၉ ကမ္ဘာ့ကူးစက်ရောဂါဖြစ်ပွားမှုတို့ကြောင့် ပို့ကုန်ဆိုင်ရာကုန်သွယ်မှု ကန့်သတ်မှုများကို စတင်ကျင့်သုံးခဲ့ကြောင်း၊ သို့သော် ကာလတိုသာ ကျင့်သုံးခဲ့ကြောင်းကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နောက်ဆုံးထုတ်ဝေခဲ့သော ကုန်သွယ်မှုစောင့်ကြည့်ရေး အစီရင်ခံစာက ဖော်ပြခဲ့သည်။

**ကုန်သွယ်မှုဆိုင်ရာအငြင်းပွားမှုပြဿနာများကိုဖြေရှင်းခြင်းကဏ္ဍ**တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များသည် ၂၀၂၂ ခုနှစ်အတွင်း ညှိနှိုင်းဆွေးနွေးလိုကြောင်း တောင်းဆိုမှု ၈ ခုကို ဆောင်ရွက်ခဲ့ပြီး၊ ၁၉၉၅ ခုနှစ်မှ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းထိ အငြင်းပွားမှုပေါင်း ၆၁၅ ခု ထိဆောင်ရွက်ခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ခုံအဖွဲ့အစီရင်ခံစာ ၉ ခုကို အဖွဲ့ဝင်နိုင်ငံများအား ဖြန့်ဝေခဲ့ပြီး၊ အငြင်းပွားမှုဖြေရှင်းဆောင်ရွက်ရေးအဖွဲ့က အစီရင်ခံစာ ၂ ခုကို အတည်ပြုခဲ့သည်။ အနုညာတစီရင်ဆုံးဖြတ်ချက် ၂ ခုနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းအတွက် ဆု ၂ ခုရှိခဲ့ပြီး၊ အငြင်းပွားမှု ၁၈ ခုအား ခုံရုံးစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။

အယူခံအဖွဲ့အတွက် ရွေးချယ်ရေးလုပ်ငန်းစဉ် စတင်နိုင်ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များက အဆိုပြုချက်များကို တင်ပြလျက်ရှိရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ၁၂၇ နိုင်ငံကိုယ်စား မက္ကဆီကိုမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ဖြန့်ဝေခဲ့သော နောက်ဆုံးအဆိုပြုချက်ကို ၂၀၂၂ ခုနှစ် နှစ်ကုန်ထိပြုလုပ်ခဲ့သည့် အစည်းအဝေးများ၌ ထည့်သွင်းဆွေးနွေးလျက်ရှိသည်။ သို့ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အယူခံအဖွဲ့တွင် ရာထူး ၇ နေရာလုံး လစ်လပ်နေသောကြောင့် အယူခံဝင်မှုများကို ကြားနာနိုင်ခြင်းမရှိပေ။ ၂၀၂၂ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံက အယူခံဝင်လိုကြောင်း အကြောင်းကြားစာတစ်စောင်ကို တင်သွင်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အယူခံအဖွဲ့၌ အယူခံဝင်မှုဆိုင်းငံ့ထားသည့် အငြင်းပွားမှု ၂၅ ခုရှိပါသည်။ အငြင်းပွားမှုကိစ္စရပ်များကို ဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍ အာမခံချက်ရှိ၍ အပြည့်အဝအသုံးချနိုင်သော စနစ်တစ်ခုကို ဖော်ဆောင်ရန် ၂၀၂၂ ခုနှစ်၊ ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့သည့် MC 12 ၌ ဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

**ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုစွမ်းဆောင်ရည်တည်ဆောက်ရေးတို့ကို ပံ့ပိုးကူညီခြင်းကဏ္ဍ**တွင် ကမ္ဘာ့ကုန်စည်ကုန်သွယ်တင်ပို့မှု၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ရှယ်ယာပါဝင်မှုသည် ပြောင်းလဲခြင်းမရှိဘဲ ၂၀၂၁ ခုနှစ်တွင် ၁ ဒသမ ၉၃ ရာခိုင်နှုန်းရှိကာ၊ ကမ္ဘာ့ စီးပွားရေးဝန်ဆောင်မှုတင်ပို့မှု၌ပါဝင်မှုသည် ၁ ဒသမ ၅၃ ရာခိုင်နှုန်းမှ ၂၀၂၁ ခုနှစ်တွင် ၁ ဒသမ ၄၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဦးဆောင်တာဝန်ယူဆောင်ရွက်ခဲ့သော ကုန်သွယ်မှုဆိုင်ရာ အထောက်အပံ့ ပမာဏသည် ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၂ ဘီလီယံမှ ၂၀၂၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၇ ဘီလီယံထိ တိုးတက်ခဲ့သည်။ ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သည့် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ အထောက်အပံ့အပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး၌ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့်နည်းလမ်းများနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို လျှောက်လှမ်းနိုင်မည့် နည်းလမ်းများကို အဓိကထားဆွေးနွေးခဲ့ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အကူအညီတစ်ရပ်ဖြစ်သော Enhanced Integrated Framework –EIF အစီအစဉ်အောက်မှ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းထိ အမေရိကန်ဒေါ်လာ သန်း ၉၀ တန်ဖိုးရှိ စီမံကိန်းများကို ထောက်ပံ့ပေးခဲ့သည်။ EIF မှ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများရှိ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းပေါင်း ၁၆၀၀၀ ကျော်ကိုလည်း ၂၀၁၀ ခုနှစ်ကတည်းက စတင်၍ထောက်ပံ့ပေးခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် ကူညီဆောင်ရွက်ပေးနေသည့် Standards and Trade Development Facility – STDF က စားနပ်ရိက္ခာနှင့် အပင်မျိုးစိတ်များ ကုန်သွယ်မှုပြုရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် စီမံကိန်းထောက်ပံ့ငွေများကို ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ သန်းမှ ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇ သန်းထိ တိုးမြှင့်ထောက်ပံ့ခဲ့သည်။

နိုင်ငံစုံကုန်သွယ်မှုစနစ်အကြောင်းကို ပိုမိုနားလည်လာစေရန် အစိုးရအရာရှိများ ၅၅၀၀၀ ခန့်နီးပါးကို ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ သင်တန်းများစီစဉ်ပေးနိုင်ခဲ့သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် ကုန်သွယ်မှုမှတစ်ဆင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ဒီဇင်ဘာလတွင် ကျား/မ တန်းတူညီမျှမှုရှိရေး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညီလာခံကို ၃ ရက်ကြာကျင်းပခဲ့သည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းကဏ္ဍ**တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် နိုဝင်ဘာလတွင် အီဂျစ်နိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော COP27 ရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေးတွင် တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်သည် စားနပ်ရိက္ခာဖူလုံမှု အကျပ်အတည်းကို အရေးပေါ်တုံ့ပြန်နိုင်ရေး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာ့ဘဏ်နှင့်ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်မှအကြီးအကဲများနှင့်အတူ တောင်းဆိုခဲ့ခြင်း နိုဝင်ဘာလအတွင်းကျင်းပခဲ့သော G 20 အစည်းအဝေး၌လည်း ပထဝီနိုင်ငံရေးအခင်းအကျင်းများကြောင့် ကမ္ဘာ့ကုန်သွယ်မှု အစိတ်စိတ်ကွဲပြားမှုရှိလာနိုင်ကြောင်းကို သတိပေးခဲ့ပြီး ကုန်သွယ်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ခဲ့ခြင်း၊ နိုင်ငံတကာကုန်သွယ်မှုနှင့် ဘောလုံးအားကစားတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဆိုင်ရာတက်ကြွလှုပ်ရှားစေရေး အထောက်အပံ့ဖြစ်စေရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကမ္ဘာ့ဘောလုံးအသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ Gianni Infantino တို့အကြား လက်မှတ်ရေးထိုးခဲ့ခြင်း။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Presidential Lecture ဟောပြောပွဲတွင် ဘာဘေးဒိုးနိုင်ငံ၏ ဝန်ကြီးချုပ် Mia Mottley က ကမ္ဘာ့အပြင်းထန်ဆုံး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာလုံးဆိုင်ရာအစီအစဉ်ကို ဆန်းသစ်တီထွင်နိုင်ရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားခဲ့ခြင်း။

၂၀၂၂ ခုနှစ်အတွင်း အများပြည်သူအတွက် " ရည်မှန်းချက်မှ လုပ်ဆောင်ချက်သို့ " ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်ခဲ့သည့် ပြည်သူ့ဖိုရမ်တွင် လူပေါင်း ၁၃၀၀ နီးပါးခန့် ပါဝင်တက်ရောက်ခဲ့ခြင်း။

အမျိုးသားနိုင်ငံခြားကုန်သွယ်မှု ကောင်စီကပေးအပ်သည့် ကမ္ဘာ့ကုန်သွယ်မှုဆုကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က လက်ခံရရှိခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း အနှစ်ချုပ်တင်ပြထားသည်။ အစီရင်ခံစာ အပြည့်အစုံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ တရားဝင်ဝက်ဘ်ဆိုဒ်တွင် Download ရယူနိုင်ပါကြောင်း အသိပေးထားပါသည်။

Source: https://www.wto.org/english/res_e/booksp_e/anrep_e/ar23_e.pdf

Source: https://commerce.gov.mm/my/article/update-news-international-

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့် ရရှိမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အောက်ဖော်ပြပါ ကုန်စည်အမျိုးအစား(၁၈)ခုတို့ကိုတင်ပို့သည့် ကုမ္ပဏီများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင် အဖွဲ့တွင် မှတ်ပုံတင်ရမည် ဖြစ်ပါသည်-

(က) အသားနှင့် အသားထုတ်ကုန်များ
( ခ ) ရေထွက်ကုန်များ
( ဂ ) နို့ထွက်ပစ္စည်းများ
(ဃ) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ
( င ) အဆာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံ
( စ ) ပျားရည်နှင့် ပျားထွက်ပစ္စည်း

(ဆ) ဥနှင့်ဥထုတ်ကုန်များ

( ဇ ) စားသုံးဆီ

(ဈ) အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အေးခဲထား သည့် ထုတ်ကုန်များ

(ည) စားသုံးနိုင်သောအစေ့အဆံများ

( ဋ ) ကြိတ်ခွဲသီးနှံ ထွက်ကုန်များနှင့်မုယောစပါး၊

( ဌ ) လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် ရေဓာတ်ထုတ်ထားသော ဟင်းသီး ဟင်းရွက်များ

( ဍ ) ပဲမျိုးစုံ

( ဎ ) အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ် အမွှေးအကြိုင်များ

(ဏ) အခွံမာသီးနှင့်အစေ့အဆံများ

(တ) သစ်သီးခြောက်များ

(ထ) မလှော်ထားသော ကော်ဖီစေ့ နှင့် ကိုကိုးစေ့များ

( ဒ ) အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်နိုင်ရေးအတွက်သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတို့ဖြစ်ကြပါသည်။အဆိုပါကုန်စည်အမျိုးအစား(၁၈) အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့်လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့အထိ ကုမ္ပဏီ/ စက်ရုံ (၁၃၆၅) ခုမှ ပေးပို့ထားသည့် စောင်ရေစုစုပေါင်း (၂၅၁၈) စောင်အား မှတ်ပုံတင်ရန် လျှောက် ထားပြီးဖြစ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၂၂၁)ခု၊ စောင်ရေ(၂၃၆၄)စောင်၊ ငါးလုပ်ငန်းဦးစီး ဌာနမှ ကုမ္ပဏီ/ စက်ရုံ (၁၂၁)ခု၊ စောင်ရေ (၁၂၁) စောင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ (၁၄) ခု၊ စောင်ရေ (၁၄) စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ (၉) ခု၊ စောင်ရေ (၉) စောင် ဖြစ်ပါသည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များ အပါအဝင်ကုန်စည်များအား တရားဝင်တင်ပို့နိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံ တင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://ciferquery.singlewindow.cn/ ၌ဖော်ပြထားပါသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စိုက်ပျိုးရေးစားသောက်ကုန်များ တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်ခြင်းအတွက် ပြင်ဆင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) အောက်ရှိ CIFER မှတစ်ဆင့် ဆောင်ရွက်ခဲ့ရာမှ China Department of Animal and plant Quarantine ဌာနမှ အောက်ဖော်ပြပါ စိုက်ပျိုးရေးစားသောက် ကုန်စည်အုပ်စု (၇) မျိုးကို ပြောင်းလဲတာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းကို Manual စနစ်ဖြင့် လျှောက်ထားရမည်ဖြစ်ပါသည်-

(က) ကော်ဖီစေ့ (raw) ၊ ကိုကိုးစေ့ (cocoa beans) {Unroasted coffee beans and cocoa beans}

( ခ ) ဟင်းသီးဟင်းရွက်အစိမ်းများ {Fresh and dehydrated vegetables}

( ဂ ) ဟင်းခတ်အမွှေးအကြိုင်များ {Plant Seasonings (Plant Species)}

(ဃ) စားသုံးနိုင်သည့် အစေ့အဆံများ {Edible grains}

( င ) ပဲမျိုးစုံ { Dried Beans}

( စ ) ဆီထွက်အပင်များ {Oilseeds (Oil Plant)}

(ဆ) တရုတ်တိုင်းရင်းဆေး ထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မှုရင်းများ {Chinese Traditional Medicines}

အဆိုပါ ကုန်စည်အုပ်စု (၇) မျိုးအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းအား ကုမ္ပဏီလုပ်ငန်းများမှ ကိုယ်တိုင်ဆောင်ရွက်၍မရပါ။ သက်ဆိုင်ရာ Competent Authority Department ထံလျှောက်ထားရမည်။ စိုက်ပျိုးရေးထွက်ကုန်များအတွက် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။ သက်ဆိုင်ရာဌာနမှ တာဝန်ခံအရာရှိ (Competent Authority) ကသာ၎င်းလျှောက်ထားမှုကို ဆောင်ရွက်နိုင်ပြီး စာ(သို့မဟုတ်) Email ဖြင့် dapq@customs.gov.cn သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သို့မဟုတ်မြန်မာနိုင်ငံရှိ တရုတ်သံရုံး တရုတ်နိုင်ငံရှိ မြန်မာသံရုံးမှ တစ်ဆင့် ပေးပို့လျှောက်ထားရမည်။

အဆိုပါ https://ciferquery.singlewindow.cn/ Website တွင် online စနစ်ဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေ ထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) တွင် Competent Authority ထောက်ခံချက်လိုသည့် ကုန်စည်အုပ်စုနှင့် ကိုယ်တိုင်ဝင်ရောက် လျှောက်ထားသည့် ကုန်စည်အုပ်စု အပါအဝင် စုစုပေါင်း စောင်ရေ (၉၆၃) စောင်အား မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

http://dzs.customs.gov.cn/ Website တွင် Manual စနစ်ဖြင့် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့အထိ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်ပြီးဖြစ်သည့် စာရင်းများကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ထပ်မံသိရှိလိုသည်များရှိပါက GACC, ရုံးလုပ်ငန်းအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဖုန်းအမှတ်၊ ၀၆၇-၃-၄၀၈၆၀၅၊ ၀၆၇-၃-၄၀၈၆၁၈ ၊ Email: myantrade.domestic@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Source: ပြည်တွင်းကုန်သွယ်မှုဌာနခွဲ

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၃၊ ဩဂုတ်လ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 75,802,344.202 | 522.574 | | 1 | ရေနံထွက်ပစ္စည်းများ | 296.968 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 30,527,228.740 | 265.037 | | 2 | ချည်ထည်များ | 96.409 |
| 3 | မတ်ပဲ | မတန် | 78,477.450 | 70.870 | | 3 | ဓာတ်မြေသြဇာများ | 75.080 |
| 4 | ငါး | မတန် | 28,999.620 | 33.366 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 64.248 |
| 5 | ရော်ဘာစိမ်း | မတန် | 21,638.640 | 26.741 | | 5 | စားအုန်းဆီ | 56.259 |
| 6 | ပဲစင်းငုံ | မတန် | 26,930.008 | 24.172 | | 6 | ဆေးဝါးပစ္စည်းများ | 40.785 |
| 7 | ပြောင်း | မတန် | 68,027.065 | 19.592 | | 7 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 38.596 |
| 8 | ပဲတီစိမ်း | မတန် | 24,287.624 | 17.300 | | 8 | ပလပ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 38.343 |
| 9 | ဆန် | မတန် | 32,173.700 | 16.427 | | 9 | လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 36.945 |
| 10 | ဆန်ကွဲ | မတန် | 29,394.100 | 12.655 | | 10 | ဓာတုဗေဒပစ္စည်းများ | 35.017 |

Source: tradedata

# ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃ - ၂၀၂၄ (၁-၉-၂၀၂၃ )ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၁ -၉-၂၀၂၃ ) ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1349.627 | 1502.830 | -153.203 |
| ၂ | တိရစ္ဆာန်ထွက် | 3.563 | 16.474 | -12.912 |
| ၃ | ရေထွက် | 244.489 | 273.217 | -28.728 |
| ၄ | သတ္တုတွင်းထွက် | 133.958 | 160.334 | -26.376 |
| ၅ | သစ်တောထွက် | 29.905 | 65.718 | -35.813 |
| ၆ | စက်မှုကုန်ချော | 4088.712 | 5050.929 | -962.217 |
| ၇ | အခြား | 634.462 | 210.833 | 423.629 |
| | **စုစုပေါင်း** | **6484.716** | **7280.335** | **-795.619** |

| စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃ - ၂၀၂၄ (၁-၉-၂၀၂၃ )ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၁ -၉-၂၀၂၃ )ထိ | တိုး/လျော့ |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 1536.045 | 1297.580 | 238.465 |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 3484.229 | 3297.512 | 186.717 |
| ၃ | လူသုံးကုန်ပစ္စည်း | 1152.061 | 1310.905 | -158.844 |
| ၄ | CMP | 1040.914 | 1201.808 | -160.894 |
| | | | | |
| | | | | |
| | **စုစုပေါင်း** | **7213.249** | **7107.805** | **105.444** |

**Source: commerce**

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၃၊ ဩဂုတ်လအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၂၉.၈.၂၀၂၃) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စ | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | 66000–68000 | 97000–98000 |
| မြောင်းမြ | 66000–68000 | 99000–98000 |
| ဒေးဒရဲ | 66000–68000 | 99000–98000 |
| ဝါးခယ်မ | 65000–67000 | 96000–97000 |
| ဘိုကလေး | 65000–66000 | 98000–99000 |
| မော်လမြိုင်ကျွန်း | 65000–66000 | 98000–99000 |
| လပွတ္တာ | 65000–66000 | 97000–98000 |
| ကျိုက်လတ် | 65000–66000 | 96000–97000 |
| ဘုရင့်နောင် | 63000–64000 | 110000–130000 (ရွှေဘို) |

**Source: MRF**

### ၂၀၂၃၊ ဩဂုတ်လ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 7.8.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 2 | 14.8.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 3 | 21.8.2023 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 | 1100-1150 |
| 4 | 28.8.2023 | 1350-1400 | 1300-1350 | 1250-1300 | 1200-1250 | 1150-1200 |

Source: MRPPA

## ၂၀၂၃ ဩဂုတ်လအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ)(သစ်) | | | ခွံနီ(ရှယ်)(သစ်) | | | ဧည့်မထ | | | ငစိန်(သစ်) | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 2.8.2023 | 95000 | 94000 | 93000 | 86000 | 85000 | 84000 | 67000 | 66000 | 65000 | 65000 | 62000 | 61000 |
| 2 | 3.8.2023 | 95000 | 94000 | 93000 | 86000 | 85000 | 84000 | 67000 | 66000 | 65000 | 65000 | 62000 | 61000 |
| 3 | 4.8.2023 | 95000 | 94000 | 93000 | 86000 | 85000 | 84000 | 67000 | 66000 | 65000 | 65000 | 62000 | 61000 |
| 4 | 7.8.2023 | 97000 | 96000 | 94000 | 87000 | 86000 | 85000 | 67000 | 66000 | 65000 | 67000 | 66000 | 65000 |
| 5 | 8.8.2023 | 97000 | 96000 | 94000 | 87000 | 86000 | 85000 | 67000 | 66000 | 65000 | 67000 | 66000 | 65000 |
| 6 | 9.8.2023 | 97000 | 96000 | 94000 | 87000 | 86000 | 85000 | 67000 | 66000 | 65000 | 67000 | 66000 | 65000 |
| 7 | 10.8.2023 | 97000 | 96000 | 94000 | 87000 | 86000 | 85000 | 67000 | 66000 | 65000 | 67000 | 66000 | 65000 |
| 8 | 11.8.2023 | 97000 | 96000 | 94000 | 87000 | 86000 | 85000 | 67000 | 66000 | 65000 | 67000 | 66000 | 65000 |
| 9 | 14.8.2023 | 105000 | 102000 | 100000 | 95000 | 93000 | 92000 | 69000 | 68000 | 67000 | 69000 | 68000 | 67000 |
| 10 | 15.8.2023 | 105000 | 102000 | 100000 | 95000 | 93000 | 92000 | 69000 | 68000 | 67000 | 69000 | 68000 | 67000 |
| 11 | 16.8.2023 | 105000 | 102000 | 100000 | 95000 | 93000 | 92000 | 69000 | 68000 | 67000 | 69000 | 68000 | 67000 |
| 12 | 17.8.2023 | 105000 | 102000 | 100000 | 95000 | 93000 | 92000 | 69000 | 68000 | 67000 | 69000 | 68000 | 67000 |
| 13 | 18.8.2023 | 105000 | 102000 | 100000 | 95000 | 93000 | 92000 | 69000 | 68000 | 67000 | 69000 | 68000 | 67000 |
| 14 | 21.8.2023 | 110000 | 107000 | 105000 | 98000 | 97000 | 96000 | 69000 | 68000 | 67000 | 70000 | 68000 | 65000 |
| 15 | 22.8.2023 | 110000 | 107000 | 105000 | 98000 | 97000 | 96000 | 69000 | 68000 | 67000 | 70000 | 68000 | 65000 |
| 16 | 23.8.2023 | 110000 | 107000 | 105000 | 98000 | 97000 | 96000 | 69000 | 68000 | 67000 | 70000 | 68000 | 65000 |
| 17 | 24.8.2023 | 110000 | 107000 | 105000 | 98000 | 97000 | 96000 | 69000 | 68000 | 67000 | 70000 | 68000 | 65000 |
| 18 | 25.8.2023 | 110000 | 107000 | 105000 | 98000 | 97000 | 96000 | 69000 | 68000 | 67000 | 70000 | 68000 | 65000 |
| 19 | 28.8.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 20 | 29.8.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 21 | 30.8.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |
| 22 | 31.8.2023 | 100000 | 100000 | 100000 | 98000 | 96500 | 95000 | 69000 | 66000 | 65000 | 70000 | 68000 | 65000 |

**Source: Myanmar Rice**

## ၂၀၂၃ ဩဂုတ်လ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 2.8.2023 | 2100.0 | 61.242 | 292.48 | 1569.8 | 25.427 | 1472.0 |
| 2 | 3.8.2023 | 2100.0 | 60.632 | 292.67 | 1564.2 | 25.388 | 1468.8 |
| 3 | 4.8.2023 | 2100.0 | 60.432 | 292.47 | 1564.1 | 25.358 | 1472.4 |
| 4 | 7.8.2023 | 2100.0 | 60.397 | 292.11 | 1565.6 | 25.382 | 1475.8 |
| 5 | 8.8.2023 | 2100.0 | 60.129 | 291.23 | 1560.2 | 25.357 | 1468.1 |
| 6 | 9.8.2023 | 2100.0 | 60.103 | 291.51 | 1562.0 | 25.358 | 1464.9 |
| 7 | 10.8.2023 | 2100.0 | 59.897 | 291.37 | 1560.5 | 25.357 | 1460.1 |
| 8 | 11.8.2023 | 2100.0 | 59.914 | 290.32 | 1556.5 | 25.369 | 1452.6 |
| 9 | 14.8.2023 | 2100.0 | 59.727 | 289.23 | 1550.9 | 25.304 | 1448.8 |
| 10 | 15.8.2023 | 2100.0 | 59.364 | 288.34 | 1548.6 | 25.211 | 1443.0 |
| 11 | 16.8.2023 | 2100.0 | 59.406 | 287.91 | 1547.5 | 25.233 | 1443.3 |
| 12 | 17.8.2023 | 2100.0 | 59.230 | 287.35 | 1543.2 | 25.258 | 1436.1 |
| 13 | 18.8.2023 | 2100.0 | 59.364 | 288.18 | 1546.8 | 25.269 | 1444.4 |
| 14 | 21.8.2023 | 2100.0 | 59.693 | 287.73 | 1547.8 | 25.273 | 1440.9 |
| 15 | 22.8.2023 | 2100.0 | 60.112 | 287.93 | 1550.4 | 25.311 | 1442.5 |
| 16 | 23.8.2023 | 2100.0 | 59.889 | 288.04 | 1547.1 | 25.393 | 1443.9 |
| 17 | 24.8.2023 | 2100.0 | 60.017 | 288.52 | 1550.9 | 25.242 | 1444.1 |
| 18 | 25.8.2023 | 2100.0 | 59.804 | 288.10 | 1549.0 | 25.411 | 1437.2 |
| 19 | 28.8.2023 | 2100.0 | 59.574 | 287.93 | 1547.1 | 25.415 | 1433.0 |
| 20 | 29.8.2023 | 2100.0 | 59.71 | 287.95 | 1550.0 | 25.386 | 1431.8 |
| 21 | 30.8.2023 | 2100.0 | 59.849 | 288.10 | 1552.6 | 25.386 | 1435.4 |
| 22 | 31.8.2023 | 2100.0 | 60.043 | 288.05 | 1553.3 | 25.386 | 1439.4 |

Source: Central Bank of Myanmar

## ၂၀၂၃၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/Rc | ပဲစင်းငုံ RC | ပဲတီစိမ်း (ပခုက္ကူ) | ပဲတီရွှေဝါ (ရှမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2023 | 2023 | (သစ်) | (ထိပ်စ) | | (သစ်) |
| 1 | 2.8.2023 | 2345000 | 3150000 | 1531000-1635100 | 2244400 | 2703700-2755800 | 2553700 |
| 2 | 3.8.2023 | 2350000 | 3207500 | 1531000-1635100 | 2244400 | 2755800-2807800 | 27680000 |
| 3 | 4.8.2023 | 2377000 | 3242500 | 2244400-2296500 | 2244400 | 2755800-2807800 | 27680000 |
| 4 | 7.8.2023 | 2349000 | 3234000 | 1531000-1635100 | 2192400 | 2755800-2807800 | 27680000 |
| 5 | 8.8.2023 | 2347500 | 3150000 | 2244400-2296500 | 2192400 | 2755800-2807800 | 27680000 |
| 6 | 9.8.2023 | 2315000 | 3085000 | 2244400-2296500 | 2192400 | 2755800-2807800 | 27680000 |
| 7 | 10.8.2023 | 2359500 | 3115000 | 2244400-2296500 | 2143400 | 2755800-2807800 | 27680000 |
| 8 | 11.8.2023 | 2350000 | 3157500 | 2244400-2296500 | 2143400 | 2755800-2807800 | 27680000 |
| 9 | 14.8.2023 | 2371000 | 3325000 | 2244400-2296500 | 2143400 | 2804700-2859900 | 27680000 |
| 10 | 15.8.2023 | 2399000 | 3350000 | 2244400-2296500 | 2143400 | 2804700-2859900 | 27680000 |
| 11 | 16.8.2023 | 2416000 | 3500000 | 2192400-2247500 | 2143400 | 2804700-2859900 | 27680000 |
| 12 | 17.8.2023 | 2445000 | 3550000 | 2192400-2247500 | 2143400 | 2804700-2859900 | 2979300 |
| 13 | 18.8.2023 | 2485000 | 3650000 | 2192400-2247500 | 2143400 | 2856800-2908900 | 2979300 |
| 14 | 21.8.2023 | 2445000 | 3612500 | 2192400-2247500 | 2143400 | 2856800-2908900 | 2979300 |
| 15 | 22.8.2023 | 2420000 | 3500000 | 2143400-2247500 | 2143400 | 2856800-2908900 | 2979300 |
| 16 | 23.8.2023 | 2456500 | 3500000 | 2143400-2247500 | 2143400 | 2856800-2908900 | 2979300 |
| 17 | 24.8.2023 | 2442000 | 3500000 | 2143400-2247500 | 2143400 | 2856800-2908900 | 3086400 |
| 18 | 25.8.2023 | 2435500 | 3500000 | 2039300-2143400 | 2143400 | 2856800-2908900 | 3086400 |
| 19 | 28.8.2023 | 2427000 | 2450000 | 1837200-1998200 | 2143400 | 2856800-2908900 | 3086400 |
| 20 | 29.8.2023 | 2465000 | 3500000 | 1837200-1998200 | 2143400 | 2856800-2908900 | 3086400 |
| 21 | 30.8.2023 | 2491000 | 3675000 | 1733100-1788200 | 2143400 | 2856800-2908900 | 3086400 |
| 22 | 31.8.2023 | 2499000 | 3800000 | 1785100-1889200 | 2143400 | 2856800-2908900 | 3086400 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဩဂုတ်လ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 2.8.2023 | 3359000-3469200 | 1408500-1460600 | 1837200-1941300 | 1938200-1990300 | 734900-747100 |
| 2 | 3.8.2023 | 3359000-3469200 | 1408500-1460600 | 1886200-1990300 | 1938200-1990300 | 741000-753200 |
| 3 | 4.8.2023 | 3359000-3469200 | 1408500-1460600 | 1886200-1990300 | 1938200-1990300 | 741000-753200 |
| 4 | 7.8.2023 | 3359000-3469200 | 1426900-1460600 | 1886200-1990300 | 1938200-1990300 | 741000-753200 |
| 5 | 8.8.2023 | 3359000-3469200 | 1426900-1460600 | 1938200-2042300 | 1938200-1990300 | 741000-753200 |
| 6 | 9.8.2023 | 3359000-3469200 | 1426900-1460600 | 1938200-2042300 | 1938200-1990300 | 741000-753200 |
| 7 | 10.8.2023 | 3359000-3469200 | 1448300-1460600 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 8 | 11.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 9 | 14.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 10 | 15.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 11 | 16.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 12 | 17.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 13 | 18.8.2023 | 3359000-3469200 | 1448300-1482000 | 1938200-2042300 | 1938200-1990300 | 734900-747100 |
| 14 | 21.8.2023 | 3466100-3579400 | 1457500-1512600 | 1990300-2042300 | 1938200-1990300 | 741000-753200 |
| 15 | 22.8.2023 | 3466100-3579400 | 1457500-1512600 | 1990300-2094400 | 1938200-1990300 | 741000-753200 |
| 16 | 23.8.2023 | 3466100-3579400 | 1457500-1512600 | 1990300-2094400 | 1938200-1990300 | 741000-753200 |
| 17 | 24.8.2023 | 3466100-3579400 | 1457500-1512600 | 1990300-2094400 | 1938200-1990300 | 741000-753200 |
| 18 | 25.8.2023 | 3466100-3579400 | 1457500-1512600 | 1990300-2094400 | 1938200-1990300 | 741000-753200 |
| 19 | 28.8.2023 | 3466100-3579400 | 1457500-1512600 | 2039300-2143400 | 1938200-1990300 | 728700-741000 |
| 20 | 29.8.2023 | 3466100-3579400 | 1457500-1512600 | 2039300-2143400 | 1990300-2011700 | 728700-741000 |
| 21 | 30.8.2023 | 3466100-3579400 | 1478900-1512600 | 2091300-2143400 | 1990300-2011700 | 728700-741000 |
| 22 | 31.8.2023 | 3466100-3579400 | 1478900-1512600 | 2091300-2143400 | 1990300-2011700 | 728700-741000 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 2.8.2023 to 4.8.2023 | 7.8.2023 to 11.8.2023 | 14.8.2023 to 18.8. 2023 | 21.8 .2023 to 25.8 .2023 | 28 .8 .2023 to 31 .8 .2023 |
|---|---|---|---|---|---|---|
| မတ်ပဲ (2022 -23crop) | FAQ | 905-525 | 905-525 | 910-930 | 910-930 | 920-940 |
| | SQ | 1005-1025 | 1005-1025 | 1010-1030 | 1000-1020 | 1010-1030 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 980-1030 | 980-1030 | 980-1030 | 980-1030 | 985-1035 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1040-1090 | 1040-1090 | 1040-1090 | 1040-1090 | 1045-1095 |
| | အခွံပါ အခြမ်း | 925-975 | 925-975 | 925-975 | 925-975 | 930-980 |
| ပဲတီစိမ်း (2022-23 Crop) | FAQ (အညာ) | 750-770 | 720-740 | 710-730 | 700-720 | 690-710 |
| | ရွှေဂါအကြီး (Size 3.5 mm &up) | 940-970 | 900-930 | 900-930 | 900-930 | 900-930 |
| | ရွှေဂါအကြီး (Size 3.25 mm &up) | 850-870 | 830-850 | 830-850 | 830-850 | 830-850 |
| | ရွှေဂါအသေး (Under 3.5 mm) | 820-850 | 800-830 | 800-830 | 800-830 | 800-830 |
| ပဲတီစိမ်း (2022 -23 Crop) | FAQ ပဲနောက် | 690-710 | 705-725 | 685-705 | 685-705 | 675-695 |
| | SQ ပဲနောက် | 770-790 | 790-810 | 805-825 | 805-825 | 805-825 |
| | အခွံချွတ်အလုံးကြီးအခြမ်း (အညာ) | 955-1005 | 955-1005 | 955-1005 | 955-1005 | 955-1005 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 685-710 | 685-710 | 685-710 | 685-710 | 685-710 |
| | အခွံပါအလုံးသေးအခြမ်း (အညာ) | 685-735 | 685-735 | 685-735 | 685-735 | 685-735 |
| ပဲစင်းငုံ (2022 -23 Crop) | အနီ | 1160-1180 | 1160-1180 | 1180-1200 | 1200-1220 | 1230-1250 |
| ပဲစင်းငုံ (2023 Crop) | အဖြူ(စစ်ကိုင်း) | 1070-1090 | 1070-1090 | 1090-1110 | 1110-1130 | 1140-1160 |
| | အခွံချွတ်အခြမ်း | 1475-1500 | 1475-1500 | 1495-1520 | 1515-1540 | 1550-1575 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 1000-1050 | 1000-1050 | 1050-1100 | 1050-1100 | 1050-1100 |
| | အခွံချွတ်အခြမ်း | 1325-1375 | 1325-1375 | 1375-1425 | 1375-1425 | 1375-1425 |
| ပဲလွန်းဖြူ | FAQ | 600-620 | 620-640 | 620-640 | 620-640 | 620-640 |
| | SQ | 625-650 | 645-670 | 650-675 | 650-675 | 665-690 |
| | အခွံချွတ်အခြမ်း | 795-845 | 815-865 | 825-875 | 825-875 | 825-875 |
| ပဲလွန်းနီ | FAQ | 730-780 | 730-780 | 730-780 | 730-780 | 730-780 |
| ပဲထောပတ် | FAQ | 1170-1200 | 1170-1200 | 1225-1255 | 1300-1330 | 1300-1330 |
| | အခွံချွတ်အခြမ်း | 1260-1290 | 1260-1290 | 1315-1345 | 1390-1420 | 1390-1420 |
| ပြောင်းဆန် | | 290-310 | 290-310 | 290-310 | 290-310 | 280-300 |
| နှမ်းဖြူ | | 1900-1950 | 1900-1950 | 2050-2100 | 2145-2195 | 2090-2140 |
| နှမ်းနက် (စမုံ) | | 1785-1835 | 1815-1865 | 1975-2025 | 1975-2025 | 1920-1970 |
| နှမ်းညို | | 1580-1630 | 1610-1660 | 1650-1700 | 1650-1700 | 1650-1700 |
| နှမ်းနက် (ရိုးရိုး) | | 1580-1630 | 1610-1660 | 1650-1700 | 1650-1700 | 1650-1700 |
| မြေထောက်ပဲ(အနီ) | | 1470-1495 | 1520-1545 | 1525-1550 | 1565-1590 | 1565-1590 |
| မြေထောက်ပဲ(အဖြူ) | | 1180-1205 | 1180-1205 | 1200-1225 | 1200-1225 | 1200-1225 |
| ပဲယင်း(ဂါ) | | 700-725 | 700-725 | 700-725 | 700-725 | 700-725 |
| ပဲယင်း(နီ) | | 980-1030 | 980-1030 | 990-1040 | 990-1040 | 990-1040 |
| Azuki ပဲတီစိမ်း(နီ) | | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 | 1250-1280 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၃၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်ဈေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 2.8.2023 to 8.8.2023 | 9.8.2023 to 15.8.2023 | 16.8.2023 to 22.8.2023 | 23.8.2023 to 29.8.2023 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 510-515 | 510-515 | 520-525 | 530-535 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 500-510 | 500-510 | 510-525 | 520-530 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 490-500 | 490-500 | 500-510 | 510-520 |
| 4 | Myanmar Long Grain White Rice 20% Broken(well Milled Double Polished Sortexexd) | 485-490 | 485-490 | 495-500 | 505-510 |
| 5 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 475-485 | 475-485 | 485-495 | 495-505 |
| 6 | Myanmar Long Grain White Rice 5% Broken(Reasonable Well Milled) | 475-485 | 475-485 | 485-495 | 500-510 |
| 7 | Myanmar Long Grain White Rice 10% Broken(Reasonable Well Milled) | 470-480 | 470-480 | 480-490 | 490-500 |
| 8 | Myanmar Long Grain White Rice 15% Broken(Reasonable Well Milled) | 465-470 | 465-470 | 475-480 | 480-490 |
| 9 | Myanmar Long Grain White Rice 25% Broken(Reasonable Well Milled) | 460-465 | 460-465 | 470-475 | 470-480 |
| 10 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) (for Africa) | 460-465 | 460-465 | 470-475 | 470-480 |
| 11 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 535-545 | 540-545 |
| 12 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 515-525 | 515-525 | 525-535 | 535-540 |
| 13 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 505-515 | 505-515 | 515-525 | 530-535 |
| 14 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 495-505 | 495-505 | 505-515 | 520-530 |
| 15 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 520-530 | 530-535 |
| 16 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 505-515 | 505-515 | 515-525 | 520-530 |
| 17 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 495-505 | 495-505 | 505-515 | 510-520 |
| 18 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 485-495 | 485-495 | 495-505 | 500-510 |
| 19 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 525-535 | 525-535 | 535-515 | 540-550 |
| 20 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 515-525 | 515-525 | 525-535 | 535-540 |
| 21 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 505-515 | 505-515 | 515-525 | 530-535 |
| 22 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 495-505 | 495-505 | 505-515 | 520-530 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 530-540 | 530-540 | 540-545 | 545-550 |
| 24 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 520-530 | 520-530 | 530-540 | 540-550 |
| 25 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 510-520 | 510-520 | 520-530 | 535-540 |
| 26 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 500-510 | 500-510 | 510-520 | 530-535 |
| 27 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 570-580 | 570-580 |
| 28 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 550-560 | 550-560 | 560-570 | 560-570 |
| 29 | Myanmar Long Grain Parboiled Brown Rice 5% Broken | 455-465 | 455-465 | 475-495 | - |
| 30 | Myanmar Long Grain Parboiled Rice 5% Broken (Well Milled Double Polished Sortexed) | 560-570 | 560-570 | 570-580 | - |
| 31 | Myanmar Glutinous Rice 5% Broken | 640-690 | 640-690 | 640-690 | 640-690 |
| 32 | Myanmar Glutinous Rice 10 % Broken | 590-640 | 590-640 | 590-640 | 590-640 |
| 33 | Myanmar Glutinous Rice 15 % Broken | 580-590 | 580-590 | 580-590 | 580-590 |

**Source: MRF**

## ၂၀၂၃၊ ဩဂုတ်လအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USd/ gal) | Narural Gas USD/ MMBtu) | Heating Oil (USd/ gal) |
|---|---|---|---|---|---|---|
| 1 | 2.8.2023 | 82.09 | 85.63 | 289.02 | 2.57 | 304.50 |
| 2 | 3.8.2023 | 79.55 | 83.28 | 277.25 | 2.48 | 301.02 |
| 3 | 4.8.2023 | 81.71 | 85.24 | 278.29 | 2.56 | 308.29 |
| 4 | 7.8.2023 | 82.78 | 86.19 | 278.75 | 2.59 | 306.65 |
| 5 | 8.8.2023 | 82.11 | 85.48 | 281.51 | 2.72 | 301.45 |
| 6 | 9.8.2023 | 82.72 | 86.00 | 282.98 | 2.78 | 308.22 |
| 7 | 10.8.2023 | 84.31 | 87.43 | 293.06 | 2.96 | 321.20 |
| 8 | 11.8.2023 | 82.87 | 86.45 | 291.25 | 2.78 | 315.49 |
| 9 | 14.8.2023 | 82.45 | 86.06 | 292.44 | 2.78 | 309.20 |
| 10 | 15.8.2023 | 82.54 | 86.30 | 291.21 | 2.85 | 307.18 |
| 11 | 16.8.2023 | 80.81 | 84.66 | 282.17 | 2.65 | 301.46 |
| 12 | 17.8.2023 | 79.44 | 83.58 | 285.55 | 2.61 | 301.78 |
| 13 | 18.8.2023 | 80.56 | 84.18 | 282.22 | 2.63 | 311.39 |
| 14 | 21.8.2023 | 81.97 | 85.47 | 283.97 | 2.59 | 318.75 |
| 15 | 22.8.2023 | 80.78 | 84.41 | 278.29 | 2.61 | 311.84 |
| 16 | 23.8.2023 | 79.83 | 84.15 | 277.42 | 2.56 | 313.80 |
| 17 | 24.8.2023 | 78.56 | 52.93 | 277.90 | 2.47 | 311.58 |
| 18 | 25.8.2023 | 80.05 | 84.42 | 279.10 | 2.53 | 319.51 |
| 19 | 28.8.2023 | 79.79 | 84.39 | 282.62 | 2.62 | 327.73 |
| 20 | 29.8.2023 | 80.08 | 84.43 | 279.73 | 2.55 | 320.07 |
| 21 | 30.8.2023 | 81.47 | 85.75 | 279.70 | 2.56 | 320.80 |
| 22 | 31.8.2023 | 81.54 | 85.74 | 281.27 | 2.79 | 310.26 |

Source: Bloomberg Commodities

## ၂၀၂၃၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York |
|---|---|---|---|
| 1 | 2.8.2023 | 1952 | 1955 |
| 2 | 3.8.2023 | 1957 | 2002 |
| 3 | 4.8.2023 | 1938 | 2002 |
| 4 | 7.8.2023 | 1941 | 1944 |
| 5 | 8.8.2023 | 1936 | 1939 |
| 6 | 9.8.2023 | 1932 | 1937 |
| 7 | 10.8.2023 | 1921 | 1924 |
| 8 | 11.8.2023 | 1917 | 1920 |
| 9 | 14.8.2023 | 1915 | 1918 |
| 10 | 15.8.2023 | 1908 | 1913 |
| 11 | 16.8.2023 | 1906 | 1909 |
| 12 | 17.8.2023 | 1897 | 1899 |
| 13 | 18.8.2023 | 1897 | 1900 |
| 14 | 21.8.2023 | 1895 | 1898 |
| 15 | 22.8.2023 | 1899 | 1903 |
| 16 | 23.8.2023 | 1903 | 1907 |
| 17 | 24.8.2023 | 1923 | 1928 |
| 18 | 25.8.2023 | 1918 | 1921 |
| 19 | 28.8.2023 | 1918 | 1922 |
| 20 | 29.8.2023 | 1927 | 1931 |
| 21 | 30.8.2023 | 1939 | 1942 |
| 22 | 31.8.2023 | 1948 | 1949 |

Source: Bullionvault,

မှတ်ချက်။ ရွှေဈေးနှုန်း၊ ဒေါ်လာဈေးနှုန်းများ ရရှိသောအခါတွင်ပြန်လည်ထည့်သွင်းဖော်ပြသွားပါမည်။